# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**

**(၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၂၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၅-၃-၂၀၁၅ ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၃၃)ရက်မြောက်နေ့တွင် ခွင့်ပန်ကြားသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင် ဦးမြင့်စိုးမှ ခွင့်ပန်ကြားခွင့်ပြုပါရန် ရိုသေလေးစားစွာ တင်ပြအပ်တယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၂၀ ဦး၊ ယခင်ခွင့်ပန်ကြားသူ ၄၂ ဦး စုစုပေါင်း ၆၂ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန် ကြားသူ ၂၀ ဦးမှာ-

(၁) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၂) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၂ ရက်၊

(၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၅) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁ ရက်၊

(၆) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၁ ရက်၊

(၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၈) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၂ ရက်၊

(၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၁၀) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၁၁) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၂ ရက်၊

(၁၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊

(၁၃) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၂ ရက်၊

(၁၅) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်၊

(၁၆) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၁၇) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၁၈) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၁၉) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်နှင့်

(၂၀) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက် တို့ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများမှ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တည်ဆောက်ခွင့်ရ တင်ဒါအောင်ကုမ္ပဏီများ၏ မူလစာချုပ်ပါ သတ်မှတ်ချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော် နိုင်ခြင်းမရှိမှုအပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာ ကြတဲ့လေ့လာသူများခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ တင်ဒါအောင်ကုမ္ပဏီများကိစ္စပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကနေပြီးတော့ နှစ်စဉ်ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ပြည်ထောင်စုရန်ပုံငွေတွေခွဲဝေ ပေးပြီးတော့ ပညာ၊ ကျန်းမာစတဲ့ကဏ္ဍများဖွံ့ဖြိုးအောင် ဆောင်ရွက်လျက်ရှိတာကိုတွေ့ရပါတယ်။ အဲဒီလိုဆောင်ရွက်လာတဲ့အတွက်ကြောင့် ပညာ၊ ကျန်းမာကဏ္ဍများ များစွာတိုးတက်လာပြီးတော့ အသီးအပွင့်များကိုလည်း ပြည်သူများ တိုးတက်ခံစားရရှိလာတာကိုတွေ့ရပါတယ်။ ဒါပေမယ့် အဲဒီ ကဏ္ဍတွေမှာ တည်ဆောက်ရေးမှာ တင်ဒါခေါ်ယူ၍ လုပ်ကိုင်ခွင့်ပြုစေရန်မှာ အားနည်းချက်များလည်း တွေ့ရှိနေရပါတယ်။ ဥပမာ- ကျွန်တော်တို့မြို့နယ်မှာ မယ်ထော်တလေးကျေးရွာ အ.လ.ကခွဲမှာ

တည်ဆောက်နေတဲ့ ၁၂၀ x ၃၀ ပေအဆောက်အဦမှာ မူလစာချုပ်ပါအတိုင်းမဟုတ်ဘဲနဲ့ အခြားသစ်များဖြင့် တံခါးရွက်ပြုလုပ်ပြီးတော့ ဆေးသုတ်ထားတာတွေ၊ အင်္ဂတေတိုင်များကလည်း သတ်မှတ်စံချိန်စံညွှန်းမမီတာတွေတွေ့ရတယ်။ အချို့ကုမ္ပဏီတွေက ပြုလုပ်ပေးတဲ့ စာသင်ခုံတွေကလည်း မူလစာချုပ်မှာ ပျဉ်းကတိုးဟုဖော်ပြထားပေမယ့် ငါးထပ်သားနဲ့ပြုလုပ်ထားပြီးတော့ အလျားကလည်း တစ်ပေခွဲရှိရမယ့်အစား တစ်ပေနှစ်လက်မသာရှိခြင်း စသည်တို့ကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ (၁) ပညာ၊ ကျန်းမာကဏ္ဍများမှာ တည်ဆောက်ခွင့်ရ တင်ဒါအောင်ကုမ္ပဏီများရဲ့ မူလစာချုပ်ပါ သတ်မှတ်ချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်းမရှိမှုအပေါ် ထိရောက်စွာ မည်သို့အရေးယူဆောင်ရွက်မည်နည်း။ (၂) အလားတူကုမ္ပဏီများနှင့် ပေါင်း၍ ထောက်ခံတင်ပြသော ကြီးကြပ်သူများကို မည်ကဲ့သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်းက ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးရဲ့ မေးခွန်းနှင့်ပတ်သက်လို့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မယ်ထော်တလေး အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် တည်ဆောက်နေသော အဆောက်အအုံမှာ မူလစာချုပ်ပါအတိုင်း ဆောက်လုပ်မှုမရှိခြင်းနှင့် ကုမ္ပဏီအချို့မှပြုလုပ်ထားသော စာသင်ခုံများမှာလည်း မူလစာချုပ်၌ ဖော်ပြထားသည့်အတိုင်း ပြုလုပ်မှုမရှိခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ် မယ်ထော်တလေး အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် တည်ဆောက်နေသော ၁၂၀ x ၃၀ ပေ အဆောက်အအုံမှာ မူလစာချုပ်ပါအတိုင်းပြုလုပ်ရမည့်အစား အခြားသစ်ဖြင့် တံခါးရွက်များပြုလုပ်ကာ ဆေးသုတ်ခြင်း၊ အင်္ဂတေတိုင်များသည် သတ်မှတ်စံချိန်

စံညွှန်းမမီခြင်းများ တွေ့ရှိရခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်ဆောက်လုပ်ရေး ကြီးကြပ်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးချက်အတိုင်း ကလိုထူးဖောကုမ္ပဏီမှ ၂၀-၁-၂၀၁၅ ရက်နေ့တွင် မူလစာချုပ်ပါ စံချိန်စံညွှန်းများနှင့်အညီ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မြဝတီမြို့နယ်အတွက် ကျောင်းသုံးပရိဘောဂဆောင်ရွက်သည့် တင်ဒါအောင်မြင်ခဲ့သည့် တကောင်းရာဇာကုမ္ပဏီမှ ပြုလုပ်ထားသော စာသင်ခုံများမှာ မူလစာချုပ်နှင့်ဖော်ပြထားသည့် ပျဉ်းကတိုးအစား ငါးထပ်သားဖြင့်ပြုလုပ်ပေးခြင်း၊ အလျားတစ်ပေခွဲရှိရမည့်အစား တစ်ပေနှစ်လက်မသာရှိခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီကို စာချုပ်ပါစံချိန်စံညွှန်းအတိုင်း ဆောင်ရွက်စေပြီး ၅-၂-၂၀၁၅ ရက်နေ့တွင် မြဝတီမြို့နယ်ပညာရေးမှူးရုံးသို့ အသစ်ပြန်လည်အစားထိုးအပ်နှံဆောင်ရွက်ပြီး ဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာကျောင်းအသီးသီးသို့လည်း စာသင်ခုံများ ခွဲဝေပေးပြီးဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆောက်အဦဆောက်လုပ်ခွင့်ရရှိသော တင်ဒါအောင်ကုမ္ပဏီများကို မူလစာချုပ်ပါ သတ်မှတ်ချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်းမရှိပါက မူလစာချုပ်တွင်ပါရှိသည့် လုပ်ငန်းသတ်မှတ်ချက်အချိန်အတိုင်း အချိန်မီမပြီးစီးပါက နောက်ကျကာလ တစ်ရက်အတွက် ၁၈၀ x ၃၀ ပေ တစ်ကျောင်းလျှင် ငွေကျပ် ၇၅၀၀ နှုန်း၊ ၁၂၀ x ၃၀ပေ တစ်ကျောင်းလျှင် ငွေကျပ် ၆၀၀၀ နှုန်း၊ ၁၀၀ x ၃၀ ပေ တစ်ကျောင်းလျှင် ၄၅၀၀နှုန်း၊ ၆၀ x ၃၀ ပေ တစ်ကျောင်းလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် တိုးချဲ့ရရှိသတ်မှတ်ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပါတယ်။ စံချိန်စံညွှန်းမမီသည့် ပစ္စည်းများဖြင့် ဆောက်လုပ်ခြင်းသော်လည်းကောင်း၊ တင်ပြထားတဲ့အရည်အသွေးထက်လျော့၍သော်လည်းကောင်း၊ တည်ဆောက်ထားကြောင်း စိစစ်တွေ့ရှိရပါက ပြန်လည်အစားထိုးပြင်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်စေလျက်ရှိပါတယ်။ ကုမ္ပဏီများနှင့်ပေါင်း၍ မမှန်မကန်ထောက်ခံတင်ပြသော ကြီးကြပ်သူများကို စိစစ်တွေ့ရှိပါက ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနဲ့ဆိုင်သောမေးခွန်းကို ဖြေကြားရမည်ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများကို ရှေးဦးစွာ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို၍ ဆောင်ရွက်ပါတယ်။ စာချုပ်ပါအတိုင်းဆောင်ရွက်ခြင်းရှိ/မရှိကို သက်ဆိုင်ရာ ဆေးရုံကြီးများ၊ မြို့နယ်ကျေးရွာများအလိုက် ကြီးကြပ်ရေးကော်မတီများဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ရေးကော်မတီတွင် ဒေသဆိုင်ရာစီမံခန့်ခွဲရေးအပိုင်းမှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ ဆေးရုံဆေးခန်းများမှ တာဝန်ရှိသူများကိုပါဖွဲ့စည်းစေပြီး အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ပါကြောင်း၊ သတ်မှတ်

မူကြမ်း

စံချိန်စံညွှန်းနှင့်မညီကြောင်း စိစစ်တွေ့ရှိရပါက ပြန်လည်ပြုပြင်ပေးရန် မှာကြားပြီး ပြုပြင်စေခြင်း၊ ကြီးကြပ်ရေးအဖွဲ့တွင် ပါဝင်ခြင်းမရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်များအား ရပ်မိရပ်ဖများမှ တင်ပြလာပါက အဖွဲ့ဖွဲ့၍ သွားရောက်စစ်ဆေးပြီး ပြုပြင်ပေးခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ချင်းပြည်နယ်၊ ပက်လက်ဝမြို့နယ်၊ တိုင်ဝနှင့် ကြက်မအိုင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံစံချိန်စံညွှန်းမညီညွတ်မှုကြောင့် သက်ဆိုင်ရာဆောက်လုပ်ရေးကုမ္ပဏီအား တရားစွဲဆိုခြင်း၊ ငွေကြေးပြန်လည်ပေးလျော်စေခြင်း၊ ပြည်နယ်အစိုးရကြီးကြပ်မှုဖြင့် ဆောက်လုပ်ရေးကုမ္ပဏီ အသစ်ရွေးချယ်၍ လုပ်ငန်းပြန်လည်စတင် ဆောင်ရွက်စေခြင်းတို့ဖြင့် အရေးယူဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကုမ္ပဏီနှင့်ပူးပေါင်း၍ ထောက်ခံတင်ပြသော ကြီးကြပ်သူများမဖြစ်စေရန်လည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အလားတူ ပြဿနာမျိုးစစ်ဆေးပေါ်ပေါက်လာပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ညှိနှိုင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းမေးမယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ ဒီကုမ္ပဏီတွေကို သတိပေးပြီးတော့ ပြန်လည်ပြုပြင်တာတော့မှန်ပါတယ်။ သို့သော်လည်းပဲ ဒီလိုလုပ်မယ့်အစားသူတို့ကိုတော့ ဘယ်လိုဟန့်တားထိရောက်တဲ့ပြစ်ဒဏ်မျိုးပေးမလဲ၊ နောက်ပြီးတော့ တကယ်လို့များ စံချိန်စံညွှန်းမမီတာမျိုး ဒီကုမ္ပဏီကပဲ နောက်ထပ်ကျူးလွန်ခဲ့ရင်ကော ဘယ်လိုမျိုးဆက်လက်ဆောင်ရွက်မလဲဆိုတာကို သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ငွေလုံးငွေရင်းနဲ့ပတ်သက်တဲ့ အခြေခံပညာဦးစီးဌာနမှာ အသုံးစရိတ် ကျောင်းဆောင်သစ်ဆောက်လုပ်တာနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို မနှစ်ကစပြီးတော့ ကျွန်တော်တို့ ခွဲဝေပေးပြီးတော့ တိုင်းဒေသကြီး အစီအစဉ်နဲ့ပဲဆောင်ရွက်စေပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့စီစဉ် ဆောင်ရွက်စဉ်ကတော့ ဒီလိုလုပ်ငန်း သတ်မှတ်ချက်စံချိန်စံညွှန်းမပြည့်မီတာကို Blacklist သွင်းပြီးတော့ နောက်နှစ်မှာ မအပ်ပါဘူး။ အရေးယူခြင်းရှိပါတယ်။ အခုဟာကတော့ တိုင်းဒေသကြီးအစီအစဉ်ဖြစ်တဲ့အတွက် နောင်ကိုမဖြစ်ဖို့အတွက်ကိုလည်း ဒီဥစ္စာတွေ ဒီကုမ္ပဏီတွေကိုမပေးဖို့အတွက်လည်း Blacklist စာရင်း

သွင်းဖို့လည်း ကျွန်တော်တို့ အကြောင်းကြားပြီးဖြစ်ပါတယ်။ အုပ်ချုပ်မှုအရတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစီအစဉ်သာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဆရာဆရာမများ ရာထူးတိုးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းများကို ကျောင်းသားများ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် မည်ကဲ့သို့စီမံ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေခံပညာကျောင်းများရဲ့ ကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ဆရာဆရာမများခန့်ထားခြင်း၊ ရာထူးတိုးပြောင်းရွှေ့ခြင်း၊ နေရာပြောင်းရွှေ့ခြင်းလုပ်ငန်းများအား မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကိုသိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းများအဆင့်မြှင့်တင်ခြင်းမှာ မူလတန်းကျောင်းမှ မူလတန်းလွန်ကျောင်း၊ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲ၊ အလယ်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းခွဲ၊ အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းစသည်ဖြင့် အသီးသီးတိုးမြှင့်သတ်မှတ်တဲ့နေရာမှာ ကျောင်းဖွင့်ရက်ပြီးမှသာ အဆင့်တိုးမြှင့်ကြကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ထိုကဲ့သို့ ကျောင်းဖွင့်ပြီးမှ အဆင့်မြှင့်တင်တဲ့အတွက်ကြောင့် ကျောင်းသားများအနေဖြင့် ကျောင်းပြောင်းကျောင်းရွှေ့ရာ၌ အခက်အခဲများ များစွာတွေ့ရှိနေရပါတယ်။ ကျောင်းအဆင့်မြှင့်တင်တာနဲ့နည်းတူ ဆရာဆရာမများလည်း တစ်ပြိုင်တည်း ခန့်ထားပေးနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် ကျောင်းအဆင့်မြှင့်တင်ခြင်းမှာ စာသင်ကြားရေးမှာ အခက်အခဲပေါင်း မြောက်မြားစွာဖြစ်ပေါ်နေကြပါတယ်။ အထက်တန်းအဆင့်များဟာ အရေးကြီးတဲ့အတန်းများဖြစ်တဲ့အလျောက် ဆရာဆရာမများလုံလောက်ရန် အဓိကကျပါတယ်။ အထက်တန်းအဆင့်စာမေးပွဲများဟာ ကျောင်းသားများရဲ့ ဘဝတစ်သက်တာအတွက် အဆုံးအဖြတ်ပေးရသည့် အခြေအနေများဖြစ်ပါတယ်။ မြို့ပေါ်ရှိကျောင်းများ ဆရာဆရာမများ အလုံအလောက်ရှိသော်လည်း နယ်ကျောင်းများမှာ မူလတန်းကျောင်းမှအစ

ဆရာဆရာမများ လုံလောက်မှုမရှိကြောင်း တွေ့ရှိနေရပါတယ်။ ရာထူးပြောင်းရွှေ့မှုများကြောင့် မူလတန်းကျောင်းများတွင် ကျောင်းအုပ်များလစ်လပ်နေခြင်း၊ ရာထူးတိုး အလယ်တန်းကျောင်းအုပ်မှ အလုပ်မဝင်၍ လစ်လပ်မှုကို ယနေ့အချိန်ထိ ခန့်ထားပေးနိုင်ခြင်းမရှိခြင်း၊ အချို့အထက်တန်းကျောင်းခွဲများတွင် အထက်တန်းပြဆရာသုံးဦးခန့်သာရှိ၍ မနိုင်မနင်းသင်ကြားနေရခြင်းများကို ကြားသိတွေ့မြင်နေရပါတယ်။

သို့ဖြစ်ပါ၍ အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ခြင်း၊ ဆရာဆရာမများ ရာထူးတိုးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းများကို ကျောင်းသားများထိခိုက်နစ်နာမှုမရှိစေရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလို၍ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်ကပဲရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အခြေခံပညာကျောင်းများအဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် သတ်မှတ်မူဘောင်များနှင့်အညီ နှစ်စဉ် တိုင်းဒေသကြီး/ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးများမှ အဆိုပြုကျောင်းများအား ဦးစားပေးအစီအစဉ်အရ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်များနှင့်အတူ ဒီဇင်ဘာလနောက်ဆုံးထားပြီး သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနများသို့ တင်ပြရန်ညွှန်ကြားထားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးညွှန်ကြားမှုရုံးများမှ စိစစ်တင်ပြသည့်ကျောင်းများဖွင့်လှစ်ခွင့်၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်များကို သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိ/မရှိ၊ အသစ်ဖွင့်လှစ်ရန် သို့မဟုတ် အဆင့်တိုးဖွင့်လှစ်ရန် ခွင့်ပြုရန်သင့်/မသင့်၊ လက်ကျန်ရာထူးနှင့် Sanction များရှိ/မရှိတို့ကို ထပ်မံစိစစ်၍ နှစ်စဉ် မေ ၁၅ ရက်နေ့မတိုင်မီ ဖွင့်လှစ်ခွင့်ပြုနိုင်ရေးကို ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး မေလအတွင်း ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်အမိန့်များ ထုတ်ပြန်ပါသဖြင့် ကျောင်းသူကျောင်းသားများ ပညာသင်ကြားရေးအတွက် ထိခိုက်နစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျောင်းအဆင့်တိုးဖွင့်လှစ်ခွင့်ရရှိသည့်ကျောင်းများ Sanction အသစ်ဖွင့်လှစ်ခွင့်ရ

သည့်ကျောင်းများသို့ လိုအပ်သည့်ကျောင်းအုပ်၊ ဆရာဆရာမများ ဝန်ထမ်းများခန့်ထားရာတွင် ကျောင်းသစ်များဖြစ်သဖြင့် ထိုကျောင်းသစ်များသို့ သက်ဆိုင်ရာကာယကံရှင်များ၏ လျှောက်လွှာများ တွင် ဆန္ဒပြုလျှောက်ထားခြင်းမရှိပါ။

အဆိုပါကျောင်းများအတွက် ကျောင်းအုပ်၊ ဆရာဆရာမများ၊ ဝန်ထမ်းများခန့်ထားနိုင်ရေးကို သီးခြားဆောင်ရွက်ရပါတယ်။ ဆရာဆရာမများ ရာထူးတိုးပြောင်းရွှေ့ခန့်ထားခြင်းကို နှစ်စဉ် မေလနှင့် အောက်တိုဘာလတို့တွင် တစ်နှစ်လျှင်နှစ်ကြိမ် စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန် နှစ်စဉ်ဒီဇင်ဘာလတွင် သက်ဆိုင်ရာရာထူးအလိုက် ရာထူးတိုးအပြောင်းအရွှေ့ ဆန္ဒပြုလျှောက်လွှာများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများသို့ အကြောင်းကြားထားပြီး ဆန္ဒပြုလျှောက်လွှာများကို စုစည်း၍ လုပ်သက်များ/နည်းအလိုက် တန်းစီ ဇယားပြုစုဆောင်ရွက်ပါတယ်။ ကာယကံရှင်၏ဆန္ဒပြုချက်၊ လစ်လပ်မှု၊ ဘာသာရပ်ကိုက်ညီမှုများကို စိစစ်လျက် ရာထူးတိုးပေးခြင်း၊ ပြောင်းရွှေ့ခြင်းများကို ပညာသင်နှစ်အစ အချိန်မီအလုပ်ဝင်ရောက် နိုင်ရန် နှစ်စဉ် မေလ ၁၅ ရက်နေ့နောက်ဆုံးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပညာသင်နှစ် အတွင်း ကျောင်းသူကျောင်းသားများ ပညာသင်ကြားရေးထိခိုက်မှုမရှိစေရေးအတွက် သက်ဆိုင်ရာ ကျောင်းများမှ ပြောင်းရွှေ့ခွင့်ရသူများ၊ ရာထူးတိုးပြောင်းရွှေ့ခွင့်ရသူများအား လူစားထိုးပြောင်းရွှေ့ မှသာ တာဝန်ကျရာကျောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းများ မေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်အနေနဲ့ ကျွန်တော် ဥပမာလေးတင်ပြချင်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ မူလတန်းကျောင်းအုပ် ကိုးယောက် လောက် တောက်လျှောက်လွတ်နေပါတယ်။ အဲဒီတော့ အဲဒီကျောင်းတွေမှာ ဘယ်လိုဖြစ်နေသလဲဆို တော့ နေ့စားဝန်ထမ်း လေးယောက်လောက်နဲ့ ဘယ်လိုမှသင်ကြားရေးမှာလည်း ထိရောက်မှုမရှိဘဲနဲ့ တောက်လျှောက်ကို ကျောင်းအုပ်လွတ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နယ်မြေကွင်းဆင်းတဲ့ အခါကျတော့ ဒေသခံတွေက၊ ရပ်မိ/ရပ်ဖတွေက တင်ပြနေပါတယ်။ ခုထက်ထိလည်း ကျောင်းကုန်း တစ်မြို့နယ်လုံးမှာ ကိုးယောက်လစ်လပ်နေပါတယ်။ အဆိုးဆုံးကတော့ အလယ်တန်းကျောင်းမှာပါ။ အလယ်တန်းကျောင်းတစ်ကျောင်းမှာဆိုလို့ရှိရင် ရာထူးတိုးပြောင်းသွားတဲ့သူက ရာထူးမဝင်လိုက်တဲ့

အခါမှာ နှစ်စကတည်းက ယနေ့အထိ ပြန်လည်းမခန့်ပါဘူး။ ပြန်မခန့်တဲ့အတွက်ကြောင့် အဲဒီ အလယ်တန်းကျောင်းမှာ အလယ်တန်းကျောင်းအုပ်မရှိဘဲနဲ့ အခြားဆီကဝန်ထမ်းတစ်ယောက်က တွဲဖက်တာဝန်ယူတဲ့အတွက်ကြောင့် စာသင်ကြားရေးတွေပျက်ပြားသလို အခု ကျွန်တော်တို့ စီမံခန့်ခွဲမှုကိစ္စတွေလည်း အင်မတန်အားနည်းတဲ့ အနေအထားတွေရှိပါတယ်။ ယနေ့အထိလည်း ပြန်မခန့်သေးပါဘူး။ နောက်အဆိုးဆုံးကတော့ အထက်တန်းပြမှာ ကျွန်တော်တို့မြို့နယ်မှာ ၂၆ ဦးလောက်လွတ်နေပါတယ်။ ဝက်ခြံကင်းက ကျောင်းလိုဟာမျိုးမှာ အထက်တန်းပြဆရာမ ကျောင်းခွဲမှာ သုံးယောက်ပဲရှိတဲ့အခါကျတော့ သူ့မှာသင်တဲ့ဘာသာရပ်က ဘယ်လိုမှငှားလို့လည်းမရဘူး။ ခေါ်လို့လည်းမရဘူး။ အဲဒီကျောင်းကဆရာဆရာမတွေလည်းမရတော့ စာမေးပွဲသာပြီးသွားတယ်။ ကျောင်းသားတွေက ဒီဘာသာနဲ့အားနည်းပြီးတော့ တော်တော်လေး ဒုက္ခရောက်သွားကြတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒါ လစ်လပ်နေတဲ့ ကျွန်တော်တို့မြို့နယ်မှာဆိုလို့ရှိရင်တော့ ၉၅ ဦးလောက်ရှိပါတယ်။ တခြားသော မြို့နယ်တွေမှာလည်း၊ ဒေသတွေမှာလည်း လစ်လပ်နေတဲ့ဆရာဆရာမတွေ ရှိမှာဖြစ်ပါတယ်။ အဓိက အားဖြင့်တော့ အထက်တန်းများအတွက် အင်မတန်မှအရေးကြီးတဲ့ကိစ္စတွေဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့ ဆက်စပ်မေးခွန်းအနေနဲ့ အဲဒီလိုလစ်လပ်ရာထူးများအား ခန့်ထားမှုကို ဆက်ပြီးတော့ ကျွန်တော်တို့ ဘယ်လိုအစီအစဉ်နဲ့ ဆောင်ရွက်မည်ကို သိရှိလိုပါတယ်။

နောက်ဒုတိယအချက်ကတော့ စောစောက ဝန်ကြီးပြောထားပါတယ်။ ကျောင်းအဆင့်မြှင့်တင်ခြင်းမှာလည်း ကျွန်တော်တို့ မေလထဲမှာလုပ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ကျောင်းကုန်းမှာရှိတဲ့ ဂုဏ်မင်း အ.ထ.က(ခွဲ)က လက်ကျန်ဆိုပြီးတော့ နိုဝင်ဘာလမှာသွားပြီးတော့ အဆင့်မြှင့်လိုက်ပါတယ်။ အဲဒီတော့ အဆင့်မြှင့်လိုက်တဲ့အခါကျတော့ အထက်တန်း(ခွဲ)ကနေ အထက်တန်းကျောင်း မြှင့်လိုက်တဲ့အခါကျတော့ တက်ရမယ့်ကလေးတွေက အဲဒီလိုပေါ့ စီမံခန့်ခွဲရတာတွေက တော်တော်လေးဒုက္ခရောက်သွားတဲ့အတွက်ကြောင့် ဒါလက်ကျန်အနေအထားနဲ့ နိုဝင်ဘာလမှာပဲ အမိန့်ထုတ်တဲ့အခါမှာ ဒါကိုလည်း ဘယ်လိုပုံစံမျိုးနဲ့ ကျွန်တော်တို့ နှစ်စမှာ ကျောင်းဖွင့်ရက်ကိုမလုပ်ဘဲနဲ့၊ အဆင့်မြှင့်တင်တာမလုပ်ဘဲနဲ့ နိုဝင်ဘာလကျမှ သွားပြီးတော့ အဆင့်မြှင့်တင်ရသလဲ။ ဒါကို ကျောင်းသားတွေကသိကအောက်ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့အထက်တန်းကျောင်းခွဲတွေဟာ ဥပမာ- လှည်းဆိပ်အထက်တန်းကျောင်းခွဲဟာ ၉ တန်း၊ ၁၀ တန်းကျောင်းသား ၁၄၀ လောက်ရှိပါတယ်။ အထက်တန်းကျောင်းခွဲဖြစ်တာလည်း ၁၇ နှစ်ရှိနေပါပြီ။ နှစ်စဉ်နှစ်စဉ်လည်း တိုင်းဒေသကြီးအစိုးရရဲ့ထောက်ခံချက်နဲ့ ဦးစားပေးနဲ့ ကျွန်တော်တို့ တောက်လျှောက်လျှောက်ခဲ့ပါတယ်။ သို့သော်

ယနေ့အထိ အဲဒီကျောင်းတွေကလည်း အထက်တန်းကျောင်းခွဲကနေ အထက်တန်းကျောင်းမရှိတဲ့ အတွက်ကြောင့် အဲဒီလိုကာလနှစ်ရှည်စွာနဲ့ အထက်တန်းကျောင်းခွဲလည်းဖြစ်ခဲ့တယ်။ ကျောင်းသား တွေလည်း လုံလောက်တဲ့အတိုင်းအတာရှိတဲ့အတွက်ကြောင့် အဲဒီလိုကျောင်းမျိုးကိုကော မည်ကဲ့သို့ အထက်တန်းအဆင့်မြှင့်တင်ပေးဖို့လည်း ဆောင်ရွက်နိုင်ဖို့ရှိ/မရှိသိရှိလိုကြောင်း လေးစားစွာမေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒီလိုမေးခွန်းမေးတဲ့ အတွက်လည်း ကျွန်တော်ရှင်းပြခွင့်ရပါတယ်။ ပထမဆုံး ဆရာဆရာမများအနေအထားမှာ ဒီအဆင့်တိုးတို့၊ ဘာတို့ဆိုလည်း သူလျှောက်တဲ့နေရာကိုပဲ သူဆန္ဒ ပြုမှ ကျွန်တော်တို့ ခန့်လို့ရပါတယ်။ သူဆန္ဒမပြုဘူးဆိုရင် ကျွန်တော်တို့က ဘယ်လိုမှ ခန့်လို့မရပါဘူး။ အဲဒီတော့ လစ်လပ်နေရာတိုင်းကို ကျန်တဲ့ဝန်ကြီးဌာနတွေလို ဘယ်သူသွား၊ ဘယ်သူသွားဆိုပြီးတော့ လုပ်လို့မရပါဘူး။ ဆရာဆရာမတွေဟာ စခန့်ကတည်းကနေပြီးတော့ သူတို့သည် နေရေးထိုင်ရေးက အစ ကျွန်တော်တို့ စီစဉ်ပေးနိုင်ခဲ့တာမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ သူတို့အဆင်ပြေတဲ့နေရာမှာ သူတို့ဆန္ဒပြုမှသာ ရာထူးအတွက်ကို ဆန္ဒပြုတယ်။ ကြိုက်ရာဒေသကို သွားပါမယ်ဆိုမှသာ ကျွန်တော် တို့က ဒီဒေသကို ဆွဲထုတ်လုပ်ရပါတယ်။ ဒါမှမဟုတ် မည်သည့်နေရာမဆို သွားနိုင်တဲ့သူဆိုရင် ချက်ချင်းခန့်ပေးလို့ရပါတယ်။ အဲဒီတော့ ဝန်ထမ်းလောကရဲ့သဘောက၊ ဆရာဆရာမရဲ့လောက သဘောက ချက်ချင်း ဒီနေရာလပ်လို့ ဘယ်ကဆရာမနှစ်နှစ်ပြည့်တယ်၊ သုံးနှစ်ပြည့်တယ်၊ ရာထူး တိုးလို့ရတယ်ဆိုရင် ချက်ချင်းပို့လို့မရပါဘူး။ သူဆန္ဒပြုမှ သွားလို့ရပါတယ်။ ဒါတစ်အချက်ပါ။ နှစ်အချက်ကတော့ ဒီကျောင်းအဆင့်တိုးမှာ အရင်အခြေခံ (၁)၊ (၂)၊ (၃) ခွဲထားပါတယ်။ အခု အခြေခံပညာဦးစီးဌာနဆိုပြီးတော့ ကျွန်တော်တို့ဖွဲ့စည်းပုံသစ်နှင့် ဒီနှစ်မှာစပြီးတော့ ဆွဲပါတယ်။ ဆွဲပြီးတော့ ကျွန်တော်တို့သည် အခြေခံကို ဒီမှာထားမယ်။ အဆင့်မြင့်အထက်အောက်ကိုလည်း ဒီမှာထားပါမယ်။ ထားပြီး တော့ကျ အခြေခံ (၁)၊ (၂)၊ (၃) ခွဲတဲ့အခါမှာ အခြေခံ (၁) မှာလည်း အခြေခံ (၁) အလျောက် သူတို့ မူရှိပါတယ်။ အခြေခံ(၁)ရဲ့နယ်မြေသည် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ် အဲဒီတော့ မြစ်ကူး၊ ချောင်းကူးဖြစ်တဲ့အတွက် ယခင်က ၃ မိုင်ဝေးတာတို့၊ ၅ မိုင်ဝေးတာတို့ကို ဖြေလျှော့ပြီးတော့ မြစ်ကူး၊ ချောင်းကူး အန္တရာယ်ရှိတယ်ဆိုရင် ပေးမယ်ဆိုတဲ့ ပုံစံမျိုးသူတို့ပြန်လုပ်လာပါတယ်။ အလားတူပဲ တောင်ပေါ်ဒေသချင်းတို့ဘာတို့ဆိုလို့ ရှိရင်လည်း ဒီမြေပုံအရ ၃ မိုင်မဝေးပေမယ့် တောင်တက်တောင်ဆင်းဖြစ်တဲ့အတွက် တောလမ်းခရီး

သွားလို့ရှိရင် အန္တရာယ်ရှိတယ်။ ဒါတွေဘယ်လိုလုပ်မယ်ဆိုတာ ပြန်ကြည့်ရပါတယ်။ အဲဒီတော့ Sanction ကျောင်းတွေသည် Sanction ကျောင်း ဖြစ်တာနဲ့အမျှ ကျွန်တော်တို့ပညာရေးဝန်ကြီး ဌာနမှာ တာဝန်ရှိပါတယ်။ Sanction ကျောင်းမှာ မူလတန်းက ဘယ်နှစ်ယောက်ရှိရမယ်။ အလယ်တန်းကျောင်း ဘယ်နှစ်ယောက်ရှိရမယ်။ အထက်တန်းကျောင်း ဘယ်လောက်ရှိရမယ်။ ဘာသာရပ်ကို ကျွန်တော်တို့ ဖြည့်ပေးရမယ့်တာဝန်ရှိပါတယ်။ ဒါကြောင့် Sanction ကျောင်း မှန်သမျှကို ကျွန်တော်တို့က ဖြည့်နိုင်အောင် ဆရာအတတ်သင် ၁၉ ကျောင်းနဲ့ BE.d နှစ်ကျောင်း ဒါနဲ့ကျွန်တော်တို့ လုပ်ပါတယ်။ ဒါပေမယ့် လတ်တလော ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ မှာ ပညာရေး ဝန်ကြီးဌာနအနေနဲ့ အဆင့်တိုးတွေကိုရော၊ ခွဲတွေရော အကုန်တိုးပေးတဲ့အခါမှာ ဆရာအင်အား မလုံလောက်ပါဘူး။ ၇၉၀၀၀ ကျော် ဘွဲ့ရတွေကိုပဲ နေ့စားလပေးနဲ့ ခန့်ထားပါတယ်။ ဒီနှစ်မှာလည်း ကျွန်တော်တို့ ၇၀၀၀၀ ကျော် ဘတ်ဂျက်တင်ထားပါတယ်။ အဲဒီတော့ ဆရာဆရာမလစ်လပ်တိုင်းမှာ ကြားထဲမှာ လစ်လပ်သွားတိုင်း မခန့်ထားနိုင်ဘူးလားဆိုတာ ဘတ်ဂျက်လည်းရှိပါတယ်။ အဲဒီတော့ လွှတ်တော်ကိုယ်စားလှယ်တွေ တင်ပြတဲ့အချက်တွေ စုစည်းပြီးတော့၊ အကြံပြုတဲ့အချက်တွေ စုစည်း ပြီးတော့ တိုင်းဒေသကြီးနှင့် ညှိဖို့ရှိပါတယ်။ ဧပြီလ ၁ ရက်၊ ၂ ရက်၊ ၃ ရက်မှာ ကျွန်တော်တို့ မေလ မတိုင်ခင်ကိုင်ဖို့အတွက်ကို Sanction ကျောင်းတွေသည် Sanction ကျတဲ့ အထက်တန်း၊ အလယ်တန်း၊ မူလတန်းသည် ကျောင်းသားဘယ်လောက်ရှိရမယ်။ ခြွင်းချက်အနေနဲ့ ခင်ဗျားတို့ဟာ ဘယ်ဒေသဆိုလို့ရှိရင် ဘယ်လိုပေးမယ်ဆိုတာ ခြွင်းချက်အနေနဲ့ ပြန်တင်ပေးပါ။ ကျွန်တော်တို့ ဒီလိုလုပ်ပါမယ်။ ဘာကြောင့်လဲဆိုတော့ကျ ကျောင်းသက် ၁၂ နှစ်ရှိပြီ၊ ၁၅ နှစ်ရှိပြီဆိုပြီးတော့ ကျောင်းသားဦးရေ ၁၄၀ နဲ့ ပေးလိုက်လို့ရှိရင် ကျန်တဲ့ ၂၃၀၊ ၂၄၀ ရှိတဲ့ကျောင်းက မပေးခဲ့လို့ရှိရင် ဘက်လိုက်ရာကျပါတယ်။ အဲဒီတော့ တစ်ပြေးညီဖြစ်အောင် ဒေသအလိုက်လည်း ပညာရေး ရည်မှန်းချက်ပြည့်မီအောင် ကျွန်တော်တို့ ဆောင်ရွက်ဖို့ရှိပါတယ်။ ဒါကို လွှတ်တော်ကိုယ်စားလှယ် တော်ကြီးတင်ပြတဲ့အတိုင်း ကျွန်တော်တို့ ဒီမှာတင်ပြခဲ့သမျှကို ကျွန်တော်တို့ ဒီမှာ လာပြီးတော့ အချက်အလက်မှန်သမျှ စုစည်းထားပါတယ်။ စုစည်းထားပြီးတော့ ပညာရေးကိစ္စမှာ ဘယ်လိုကောင်း အောင်လုပ်မလဲဆိုတဲ့ဆန္ဒရှိပါတယ်။ မူလတန်း၊ အလယ်တန်းမှာလည်း အခမဲ့ ကျွန်တော်တို့ ပေးထား တဲ့အတွက် Drop Box တွေနည်းသွားအောင် ကျွန်တော်တို့အနေနဲ့ အ.ထ.က(ခွဲ)၊ အ.လ.က(ခွဲ)တွေ ဒါတွေကို အများဆုံး ကျွန်တော်တို့ ဆောင်ရွက်သွားပါမယ်။ နောက်ဆုံးအဆင့်အထိ ရွာတွေမှာ ၁၅

အိမ်၊ ၁၆ အိမ်နဲ့ ကျောင်းမလုပ်ပေးနိုင်တောင်မှ ဆရာမတစ်ယောက်ထားနိုင်အောင် ကျွန်တော်တို့ Plan ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်အောင်မြို့နယ်ရှိ လျှပ်စစ်မြစ်ရေတင် စီမံကိန်း(၃)ခုနှင့် ကညင်ဆည်-မမြဆည် ဆည်ကြီးတို့၏ ရေသွင်းရေထုတ်စနစ်များ ကောင်းမွန်မှုမရှိပါသဖြင့် နိုင်ငံတော်မှ ပြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကျော်မြင့်၊ မြန်အောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(မြန်အောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော်အဓိကမေးချင်တဲ့မေးခွန်းကတော့ ကျွန်တော်တို့ စိုက်ပျိုးရေးနဲ့ ပတ်သက်နေပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ဟာ စိုက်ပျိုးရေးတိုင်းပြည်လည်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရရဲ့ မူဝါဒဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဆိုလို့ရှိရင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့က အရေးကြီးပါတယ်။ ကျေးလက်ဒေသတွေဆိုတာဟာ စိုက်ပျိုးရေးကို အဓိကထားပြီးတော့လုပ်ကိုင်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဒီစိုက်ပျိုးရေးအောင်မြင်အောင် ကျွန်တော်တို့က အဓိကထားပြီးတော့လုပ်ဖို့ကို ကျွန်တော်က ဒီမေးခွန်းမေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့စိုက်ပျိုးရေးလောကမှာဆိုလို့ရှိရင် No Water၊ No Agric ဆိုတာရှိပါတယ်။ ရေမရှိဘဲနဲ့ ကျွန်တော်တို့ စိုက်ပျိုးရေးကလုပ်လို့မရပါဘူး။ အဲ့ဒီလိုပဲ ရေတွေပိုလျှံပြီးတော့ အလဟဿဖြစ်နေပြန်ရင်လည်း ရေတွေကြောင့်ဒုက္ခဖြစ်ရင်လည်း ကျွန်တော်တို့ စိုက်ပျိုးရေးဟာ မဖြစ်ပါဘူး။ ကျွန်တော်တို့ ဒီလိုနိုင်ငံတော်မှာစိုက်ပျိုးရေ ရရှိအောင်ဆိုပြီးတော့ ဆည်မြောင်းကြီးတွေ၊ မြစ်ရေတင်စီမံကိန်းကြီးတွေ နိုင်ငံတော်ကလုပ်ပေးပါတယ်။ အဲ့ဒီအဖိုးတန်ရေတွေကို ကျွန်တော်တို့ စိုက်ပျိုးရေးမှာ အမှန်တစ်ကယ် ထိထိရောက်ရောက်အသုံးချနိုင်အောင် Water management ဒီခုနကရေကို စနစ်တကျစီမံခန့်ခွဲတတ်ဖို့လိုတယ်။ အဲ့ဒီရေကို တစ်ကယ်ပဲ Control လုပ်နိုင်ဖို့လိုပါတယ်။ အဲ့ဒီလိုလုပ်ဖို့ဆိုလို့ရှိရင် ကျွန်တော်တို့ရေသွင်းမြောင်းတွေ၊ ရေသွင်းစနစ်တွေ၊ လက်တံမြောင်းတွေ၊ ဒါတွေပြန်လည်ကောင်းမွန်ဖို့လိုသလို ရေတံခါးတွေ၊ ရေထုတ်မြောင်းတွေ ဒါတွေဟာ အင်မတန်မှပဲ အရေးကြီးပါတယ်။ အဲ့ဒီလို အရေးကြီးတဲ့လုပ်ငန်းတွေကို ကျွန်တော့်မြို့နယ်မှာဆိုလို့ရှိရင် လှည့်လည်ပြီးတော့ ကြည့်ရှုစစ်ဆေးတဲ့အခါမှာ စိုက်ပျိုးရေးဟာ ဒီအောင်မြင်သင့်သလောက်

မအောင်မြင်တာတွေကို ကျွန်တော်တို့တွေ့နေရပါတယ်။ ဒါဘာလို့လဲဆိုတော့ ဒီပိုလျှံနေတဲ့ရေတွေ အလဟဿဖြစ်နေတာတွေလည်း တွေ့နေရသလို အဲ့ဒီရေတွေကြောင့် စိုက်ပျိုးရေးမှာ တောင်သူတွေ စိတ်ပျက်ဝမ်းနည်းပြီးတော့ ဒီစိုက်ပျိုးရေးကိုမလုပ်ချင်ဘဲနဲ့ လုပ်နေရတဲ့အဆင့်အထိ ဖြစ်နေတာတွေကို တွေ့ရပါတယ်။ ဥပမာဆိုလို့ရှိရင် ကျွန်တော်တို့မြန်အောင်မြို့နယ်မှာဆိုလို့ရှိရင် ဆန်နီဂျောင်ကျေးရွာနဲ့ ခုနက ဆည်ရွာကျေးရွာတို့၊ လာပေါက်ကျေးရွာတို့ဆိုတာ ဒီရေတွေက အလိုလိုကိုသူတို့က လာနေတယ်။ ရေတွေကိုမထိန်းချုပ်နိုင်ဘူး။ အဲ့ဒီအဖိုးတန်ရေတွေကလည်း အလဟဿ ဖြစ်နေတယ်။ အဲ့ဒီလို ဖြစ်နေတဲ့ရေတွေဟာ နိုင်ငံတော်အတွက်လည်း ဆုံးရှုံးသလို ပြည်သူတွေအတွက်လည်း နစ်နာနေပြီ။ အဲဒီတော့ ကျွန်တော်တို့တောင်သူလယ်သမားတွေက စိုက်ပျိုးရေးကိုလုပ်တဲ့နေရာမှာ စိုက်ပျိုးသီးနှံ အလိုက်လိုအပ်တဲ့ ရေကိုထိန်းချုပ်ပြီးတော့ ပေးနိုင်မှသာလျှင် စိုက်ပျိုးရေးဟာ အောင်မြင်ပါတယ်။ ဒါကိုနိုင်ငံတော်ကနေပြီးတော့ နည်းပညာတွေ ပံ့ပိုးစီစဉ်ပြီး ကူညီလိုက်မယ်ဆိုရင် ကျွန်တော်တို့ စိုက်ပျိုးရေးကဏ္ဍဟာ တစ်ဟုန်ထိုးတိုးတက်လာမယ်ဆိုတာ ကျိန်းသေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်အောင်မြို့နယ်မှာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကြီး ၃ ခုရှိပါတယ်။ မမြဆည်တို့၊ ကညင်ဆည်တို့ ဆည်ကြီးတွေလည်းရှိပါတယ်။ အဲ့ဒီဆည်ကြီးတွေရဲ့ရေပေးဝေတဲ့စနစ်တွေမှာ ပြီးပြည့်စုံမှု၊ ကောင်းမွန်မှု မရှိပါသဖြင့် နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့ မေးမြန်းချက်အပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယ ဝန်ကြီး ဦးခင်ဇော်မှ ပြန်လည်ရှင်းလင်းဖြေကြားသွားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်ရှိ မြစ်ရေတင်စီမံကိန်း ၃ ခုအနက် ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်း၊ အကျိုးပြုဧက ၅၀၀၀ အား ၂၀၀၉-၂၀၁၀ ခုနှစ်နှင့် ငပိဆိပ်မြစ်ရေတင်စီမံကိန်း၊ အကျိုးပြုဧက ၇၀၀၀

အား ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ မြစ်ကျိုးမြစ်ရေတင်စီမံကိန်း၊ အကျိုးပြုဧက ၁၀၀၀၀ အား ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး၊ လက်ရှိ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၅၅ ရာခိုင်နှုန်း ဆောင်ရွက်ဆဲစီမံကိန်းဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်တွင် ပင်မရေတင်စခန်းတည်နေရာ၌ ဧရာဝတီမြစ် သဲသောင်ထွန်း၍ ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် စီမံကိန်းအား ရပ်နားထားခဲ့ပြီး ဆောင်ရွက်ပြီးစီးသည့်အပိုင်းအား ရေပေးဝေနိုင်ရန်အတွက် သဲသောင်တူးဖော်ခြင်း၊ ဖယ်ရှားရှင်းလင်းခြင်း၊ ရေလမ်းကြောင်းပြန်လည် ကောင်းမွန်စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်း ၃ ခုအနက် ဆောင်ရွက်ပြီးသော ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်းနှင့် ငပိဆိပ်မြစ်ရေတင်စီမံကိန်းများအား ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးအပ်ပြီး ဖြစ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရေပေးဝေခြင်းနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖြည့်စွက်တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။ မြစ်ရေတင်စီမံကိန်းများ၏ ရေပေးမြောင်းများမှာ မြေသားမြောင်းများသာဖြစ်ခြင်းနှင့် မိုးရွာသွန်းမှုများပြားသည့် ဒေသဖြစ်ခြင်းတို့ကြောင့် မြေသားရေပေးမြောင်းများပျက်စီးခြင်းနှင့် ရေပေးမြောင်းများအတွင်း ချုံနွယ်များထူထပ်စွာပေါက်ရောက်ခြင်း ဖြစ်ပေါ်ခဲ့ပါတယ်။

အဆိုပါ မြစ်ရေတင်စီမံကိန်း ၂ ခုတွင် နှစ်အလိုက်ခွင့်ပြုရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၅၃.၉၀ သန်းဖြင့် အထိရောက်ဆုံးနှင့် အကျိုးသက်ရောက်မှု အများဆုံးဖြစ်စေမည့် ရေပေးမြောင်းပြင်ဆင်မှုများကို တောင်သူများနှင့် ညှိနှိုင်း၍ ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်းတွင် ဧက ၁၂၀၀ ရေပေးဝေနိုင်မည့် ပင်မမြောင်းနှင့် လက်တံမြောင်းအပါအဝင် ရေပေးမြောင်း ၇ မြောင်း၊ ငပိဆိပ်မြစ်ရေတင်စီမံကိန်းတွင် ဧက ၈၀၀ ရေပေးဝေနိုင်မည့် ပင်မမြောင်းနှင့် လက်တံမြောင်းအပါအဝင် ရေပေးမြောင်း ၄ မြောင်း၊ စုစုပေါင်းဧက ၂၀၀၀ ရေပေးဝေနိုင်မည့် ရေပေးမြောင်း ၁၁ မြောင်း ပြုပြင်ခြင်းကို ဆောင်ရွက်ခဲ့ပြီးနောက် ကန်ဇွန်းခုံမြစ်ရေတင်စီမံကိန်းတွင် နွေစပါး ၁၀၀၀ ဧကနှင့် ငပိဆိပ်မြစ်ရေတင်စီမံကိန်းတွင် နွေစပါး ၄၀၀ ဧက၊ စုစုပေါင်းလျာထား ၁၄၀၀ ဧကအား စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ ကျန်ကာလတွင်လည်း တောင်သူများ၏ စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်မှု

အပေါ်မူတည်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တိုးချဲ့ရေပေးဝေနိုင်ရန်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်တွင် စိစစ်ပြီးလယ်မြေ ဧရိယာ ၈၄၀၀ ဧကခန့် ဆည်ရေပေးဝေနိုင်ရန်ရည်ရွယ်၍ မြန်အောင်မြို့နယ်တွင် မမြရေလှောင်တမံစီမံကိန်းကို တည်ဆောက်ခဲ့ရာ တမံတည်ဆောက်ရေးလုပ်ငန်း ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပြီးစီးခဲ့ပါတယ်။ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများအားလုံးကိုလည်း ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးပြီဖြစ်၍ စိုက်ပျိုးရေပေးဝေနိုင်ပြီးဖြစ်ပါတယ်။ နှစ်အလိုက်ဆည်ရေ သောက်စနစ်ပြီးစီးသည့်ဧရိယာကို စိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ပါတယ်။ တောင်သူများ၏ဆန္ဒအရ နွေစပါးထက် ပဲမျိုးစုံကိုသာ စိုက်ပျိုးလိုကြပါတယ်။ ဆည်ရေပေးဝေနိုင်သောဧကအတိုင်း နွေစပါးနှင့်ပဲမျိုးစုံကို စိုက်ပျိုးလျက်ရှိကြပါသည်။ မမြဆည်မှ နှစ်အလိုက်ရေပေးဝေစိုက်ပျိုးမှုကို လေ့လာကြည့်ပါက အများဆုံးနွေစပါး ၂၅၀၀ ဧကကျော်သာ စိုက်ပျိုးခဲ့ပြီး၊ ကျန်ရေပေးဝေနိုင်သော ဧကများတွင် ပဲမျိုးစုံအပြည့်အဝစိုက်ပျိုးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထို့ပြင် အင်္ဂပူမြို့နယ်နှင့် မြန်အောင်မြို့နယ်ရှိ လယ်မြေဧရိယာ ၂၅၀၀၀ ဧကခန့်ကို ဆည်ရေပေးဝေနိုင်ရန် ရည်ရွယ်၍ အင်္ဂပူမြို့နယ်တွင် ကညင်ရေလှောင်တမံစီမံကိန်းကို တည်ဆောက်ခဲ့ရာ တမံတည်ဆောက်ရေးလုပ်ငန်းများ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြီးစီးခဲ့ပါတယ်။ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ၇၃ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ လယ်ယာမြေ ၁၂၉၀၀ ဧကအား စိုက်ပျိုးရေပေးဝေနိုင်ပြီဖြစ်ပါတယ်။ ဆည်ရေပေးဝေနိုင်သောဧကအတိုင်း နွေစပါးနှင့် ပဲမျိုးစုံကို စိုက်ပျိုးလျက်ရှိပါတယ်။ ကညင်ဆည်မှ နှစ်အလိုက်ရေပေးဝေစိုက်ပျိုးမှုကို လေ့လာကြည့်ပါက အများဆုံးနွေစပါး ၂၁၀၀ ဧကသာစိုက်ပျိုးခဲ့ပြီး ကျန်ရေပေးဝေနိုင်သောဧကများတွင် ပဲမျိုးစုံအပြည့်အဝစိုက်ပျိုးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ မမြရေလှောင်တမံနှင့် ကညင်ရေလှောင်တမံ ဆည်ရေသောက်စနစ်အတွင်းရှိ တည်ဆောက်ပြီးဖြစ်သော ရေထုတ်ပြွန်၊ ရေတံခါး၊ ရေပေးမြောင်းများနှင့် ရေပေးအဆောက်အဦများအား အရည်အသွေးပြည့်မီကောင်းမွန်အောင် တည်ဆောက်ခဲ့ပြီး မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ လျာထားဧကအပေါ်မူတည်၍ ရေကိုရေလှည့်ဇယားဖြင့် စနစ်တကျပေးဝေလျက်ရှိပါကြောင်းနှင့် ကညင်ဆည်တွင်ဆောင်ရွက်ရန် ကျန်ရှိသော ရေသောက်စနစ်

တည်ဆောက်ခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းများတွင် ရေသွင်းရေထုတ်စနစ်များ မည်မျှပြည့်စုံစွာ တည်ဆောက်ထားစေကာမူ တောင်သူအချင်းချင်း ညှိနှိုင်းမှုမရှိဘဲ မိမိစိုက်ပျိုးလိုသောသီးနှံများကို မိမိအလိုဆန္ဒအတိုင်းရောနှောစိုက်ပျိုးထားကြပြီး၊ ရေပေးဝေမှုပြုလုပ်ရမည်ဆိုပါက ထိရောက်အောင်မြင်သောရေပေးဝေမှုပြုလုပ်ရန်ခက်ခဲမှုရှိသကဲ့သို့ သီးနှံအောင်မြင်ဖြစ်ထွန်းမှုကိုလည်း များစွာထိခိုက်နိုင်မည်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးဖြစ်စေလိုသော စိုက်ပျိုးရေကို လိုသလိုထိန်းချုပ်ပေးဝေနိုင်ရန်မှာ ရေအသုံးပြုသူ တောင်သူအစုအဖွဲ့အလိုက်၊ မြောင်းစနစ်အလိုက် ညီညွတ်စွာပူးပေါင်းဆောင်ရွက်ရန်နှင့် ရေပေးမြောင်းစနစ်အလိုက် သီးနှံမျိုးတူကို အစုအဖွဲ့အလိုက် ချိန်ကိုက်စိုက်ပျိုးရန် အထူးလိုအပ်ပါတယ်။ ထိုသို့ သီးနှံပုံစံသတ်မှတ်စိုက်ပျိုးသည့်စနစ်နှင့် ရေထိန်းချုပ်ပေးဝေသည့်စနစ်တို့ သဟဇာတဖြစ်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များမှ တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၏ ကြိုးစားမှုနှင့် စွမ်းဆောင်ရည်မြင့်မားမှု အပေါ်မူတည်၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးကျော်မြင့်(မြန်အောင်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ထပ်ဆင့်မေးခွန်းလေးတစ်ခုမေးချင်ပါတယ်။ ကျွန်တော်တို့ ဆည်ရေသောက်စနစ်မှာ ရေကိုလိုအပ်သလိုထိန်းချုပ်ဖို့ဆိုတာကို ကျွန်တော်က အဓိကထားပြောပါတယ်။ အဲ့ဒီမထိန်းချုပ်နိုင်တဲ့ဒေသတွေမှာ ကျွန်တော်တို့ဇကဆိုလို့ရှိရင် အဲ့ဒီဆန်နီဂျောင်ကျေးရွာအုပ်စုရယ်၊ လာပေါက်ကျေးရွာအုပ်စုရယ်၊ ကွင်းကြီးထောင့်ကျေးရွာအုပ်စုရယ်ဆိုတာ ရေတွေက အလဟာသကိုဖြစ်နေတာ။ ရေတွေထွက်စရာ ကိုမရှိအောင်ဖြစ်နေပြီးတော့ အဲ့ဒီလယ်မစိုက်လို့ရှိရင် ခြုံတောကြီးတွေဖြစ်သွားရတာ။ အဲဒီခြုံတောကြီးတွေဖြစ်သွားတဲ့အတွက် လယ်ကိုမစိုက်ချင်ဘဲနဲ့စိုက်နေတာ မစိုက်ချင်လည်းဒီရေတွေဟာတောက်လျှောက်လျှံနေတယ်။ ဒါကိုရေသွင်းရေထုတ်စနစ်ကို ကျွန်တော်တို့က မှန်မှန်ကန်ကန်ကိုစနစ်တကျလုပ်ပေးဖို့ကို ကျွန်တော်ဆိုလိုခြင်းဖြစ်ပါတယ်။ အဲဒါလေးတွေကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်ထပ်ဆင့်ပြီးတော့ ကျွန်တော်မေးခွန်းမေးခြင်း ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ခုနက ဖြေကြားချက်မှာ အဓိက အကြောင်းတင်ပြထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ Water management ဆိုတာကတော့ တစ်ဌာနကတည်းက လုပ်လို့မရပါဘူး။ ဥပမာ ဆည်ရေပေးတယ်ဆိုရင် ဆည်တစ်ခုတည်းကနေ ဒါကိုလုပ်လို့မရပါဘူး။ အဓိက ကျွန်တော်တို့စိုက်ပျိုးတဲ့တောင်သူ၊ ရေပေးဝေတဲ့ ဌာနတွေ၊ ပြီးတော့ ဒီနေရာမှာ ပါဝင်ပတ်သက်လာတဲ့ စိုက်ပျိုးရေးဌာန ဒါတွေက အကုန်လုံးပူးပေါင်းညှိနှိုင်းပြီးလို့ရှိရင် သီးနှံစိုက်ပျိုးတဲ့ Cropping Pattern နဲ့အတူ စိုက်ချိန်အားလုံး ဒါတွေအားလုံးကို မြောင်းစနစ်ဆို မြောင်းစနစ်အလိုက်မှာ သီးနှံကိုအတူစိုက်ပြီးတော့ အတူရေယူတဲ့စနစ်မျိုးလုပ်မယ်ဆိုရင်တော့ ကျွန်တော်တို့ Water management လုပ်ရတာလွယ်ပါတယ်။ အခုကတော့ တောင်သူတို့အနေနဲ့ စိုက်ချင်သလိုစိုက်ပြီးတော့ ကျွန်တော်တို့ရေပေးရတာတော့ နည်းနည်းခက်ပါတယ်။ ဒါကြောင့်မို့ ဒီဟာကို ကျွန်တော်တို့ Water management နဲ့ပီပြင်စေချင်တယ်ဆိုရင်တော့ အခုကျွန်တော်ပြော သလို မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းရေးမှုအဖွဲ့နဲ့ တောင်သူတို့ဟာ တစ်သီးစိုက်မည့်အချိန်တိုင်းကို ကြိုတင်ပြီးတော့ ညှိနှိုင်းပြီးတော့ မြောင်းစနစ်အလိုက် ဘာစိုက်မယ်။ အဲ့ဒါဆိုရင် ကျွန်တော်တို့ ရေထိန်းညှိ ပေးရတာလွယ်ပါတယ်။ အဆင်ပြေပါတယ်လို့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒီလို ဆက်ပြီး တော့ ကြိုးစားဖို့လိုအပ်ပါကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းသူ ဒါရှင်းလင်းသူရှိပါတယ်။ အဲ့ဒီတော့ ကျွန်တော် ခြားကနေ အကြံပြု ပေးဖို့။ ခုနကတင်ပြချက်တွေ မှန်/မမှန်။ မြေပြင်မှာ စစ်ဆေးပြီးတဲ့အခါမှာ ရတဲ့ရလာဒ်အပေါ် မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မေးပေးယုံနဲ့ လုံလောက်မယ့် ကိစ္စ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ကျွန်တော်လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အခုတင်ပြချက်ဟာ ဒီမေးမြန်းချက် ဟာတစ်ကယ်မှန်/မမှန် စိစစ်ပြီးတဲ့အခါမှာ မှန်တယ်ဆိုလို့ရှိရင် ဘယ်လိုဖြေရှင်းပေးရမလဲဆိုတဲ့ အဖြေရှာဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ရော၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအနေနဲ့ရော ဆက်လက်ဆောင်ရွက်မှသိမယ်လို့ ထင်ပါတယ်။ ဒါနဲ့ပတ်သက်လို့ လွှတ်တော်ဘက်ကလည်း လိုအပ်တာများဆက်ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားပါမယ်။

**အုတ်ဖိုမြို့နယ်ရှိ ဂမုန်းဆည်ရေသောက်ဧရိယာအတွင်း ရေပေးအဆောက်အဦ၊ တိမ်ကောနေသော ရေပေးမြောင်းများနှင့် လှည်းကူးတံတားများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပတ်သက်ပြီး အုတ်ဖိုမြို့နယ်မှာရှိပြီး ဂမုန်းဆည်ရေသောက်ဧရိယာအတွင်း ရေပေးအဆောက်အဦတိမ်ကောနေတဲ့ ရေပေးမြောင်းများနှင့် လှည်းကူးတံတားများ တည်ဆောက်ပေးရန်နှင့်ပတ်သက်တဲ့ မေးခွန်းမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အုတ်ဖိုမြို့နယ်မှာရှိတဲ့ ဂမုန်းဆည်ကြီးကို လွန်ခဲ့တဲ့ ၁၅ နှစ်ခန့်က တည်ဆောက်ပေးခဲ့ပါ၍ မိုးစပါးအောင်ရေရရှိခြင်းနှင့် နွေစပါးများ စိုက်ပျိုးအောင်မြင်ခဲ့တဲ့ မြို့နယ်ဖြစ်ခဲ့ပါတယ်။ ယခုအခါမှာ ဒေသခံတောင်သူများဟာ ဆည်အရင်းမှာ နေထိုင်လုပ်ကိုင်နေရပါသော်လည်း ရေပေးမြောင်းများ တိမ်ကောပျက်စီးနေတဲ့အတွက် ဆည်ရေအပြည့်အဝမရရှိဘဲနဲ့ မလိုအပ်တဲ့နေရာများသို့ ရေများရောက်ရှိသွားပြီး ဆည်ရေကို မြင်နေရပါသော်လည်း အကျိုးရှိစွာအသုံးပြု၍မရဘဲ ဖြစ်နေရပါတယ်။ တချို့မြောင်းများဟာ ကျိုးပေါက်ပျက်စီးနေပြီး အနိမ့်ပိုင်းသို့ ဆည်ရေများစီးဝင်သွားပြီးတော့မှ ဆောင်းသီးနှံတွေကို ရေနစ်ပျက်စီးစေတဲ့အပြင် သွားရေးလာရေးမှာလည်း ကျေးရွာချင်းဆက်လမ်းများအပေါ်ကို လျှံတက်တဲ့အတွက်ကြောင့် လမ်းများ ပျက်စီးနေခြင်းနှင့် မြောင်းကူးတံတားများမှာလည်း ပျက်စီးနေတဲ့အတွက် သွားရေးလာရေး အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း လေ့လာတွေ့ရှိခဲ့ပါ၍ အမြန်ဆုံးပြုပြင်ပေးရန် လိုအပ်လျက်ရှိပါသောကြောင့် မေးခွန်းမေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။

မေးခွန်း(၁) ကြို့ကိုးပင်ရွာမှ ကွင်းကျယ်ရွာသို့ ရေပေးဝေသောမြောင်းတွင် ရေအပြည့်အဝရရှိနိုင်ရန် ပြုပြင်ပေးရန်နှင့် လှည်းကူးတံတားသုံးစင်းအား တည်ဆောက်ပေးနိုင်ရန်။ မေးခွန်း(၂) အောက်ကိုင်းရွာနှင့် ကွင်းကျယ်ရွာဘက်သို့ ထွက်သွားသောမြောင်း ပြုပြင်ပေးရန်နှင့် အောက်ကိုင်းရွာ

အနောက်ဘက်ရှိ မြောင်းဖြတ်တံတား ပျက်စီးနေမှုအား ပြုပြင်ပေးရန်။ မေးခွန်း(၃) ဝိုင်းကျေးရွာ နောက်ကျော်မှ ကိုင်းတောစုရွာ၊ ကွဲဖြူမရွာသို့ ထွက်သွားသောမြောင်းနှစ်မြောင်း ပြုပြင်ပေးရန်နှင့် လှည်းကူးတံတားနှစ်ခုတည်ဆောက်ပေးရန်။ မေးခွန်း(၄) အောက်ကိုင်းကျေးရွာတောင်ဘက်ရှိ ရေကျ အဆောက်အဦတစ်လုံး ဆောက်လုပ်ပေးရန်နှင့် ရေမြောင်းပြုပြင်ပေးပြီး ရိုးဖြတ်ရေပေါက် ဆောက်လုပ်ပေးရန်။ မေးခွန်း(၅) ထွန်းလှကွင်းရွာမှ ဆိတ်ကြီးရွာဘက်သို့ ထွက်သွားသောမြောင်းအား ပြုပြင်ပေးရန်။ မေးခွန်း(၆) သဖန်းပင်ဆိပ်ရွာမှ လိပ်ဥကုန်းရွာဘက်သို့ ထွက်သွားသောမြောင်းအား ပြုပြင်ပေးရန်။ မေးခွန်း(၇) ချင်းစုရွာမှ ငွေးချောင်းရွာဘက်သို့ ထွက်သောရေမြောင်းအား ငွေးချောင်းရွာမှ သာလိကာရွာဘက်သို့ ထွက်သွားသောမြောင်းများ ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံတောင်သူလယ်သမားများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၏ ဂမုန်းဆည်နှင့်ပတ်သက်ပြီး မေးမြန်းချက်ကို ကျွန်တော် ရှင်းလင်းတင်ပြပါ့မယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသော ရေပေးမြောင်းများပြုပြင်ပေးရန်၊ ရေပေးအဆောက်အဦများ တည်ဆောက်ပေးရန်နှင့် မြောင်းဖြတ်လှည်းကူးတံတားများ ပြုပြင်တည်ဆောက်ပေးရန် လုပ်ငန်းမှာ ဂမုန်းရေလှောင်တမံလက်ဝဲမြောင်း ဆည်ရေသောက်စနစ်ရှိ တူးမြောင်းအဖျားပိုင်းများတွင် တည်ရှိပါတယ်။ ယခင်က အဆိုပါနေရာများတွင် နွေစပါးစိုက်ပျိုးခဲ့ခြင်းမရှိသဖြင့် နွေစပါးစိုက်ပျိုးသည့်မြောင်းအရင်းပိုင်းကိုသာ ခွဲဝေရရှိသော ရန်ပုံငွေအရ ဦးစားပေးပြုပြင်ပေးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ယခုတောင်းဆိုသော တူးမြောင်းအဖျားပိုင်းများသည် နွေစပါးစိုက်ပျိုးမှုမရှိသဖြင့် ဌာနမှ ပြုပြင်မှုအားနည်းခဲ့ခြင်းနှင့် တောင်သူများအပိုင်းမှ ပူးပေါင်းပါဝင်ထိန်းသိမ်းမှု အားနည်းခြင်းများကြောင့် ပိုမိုပျက်စီးခဲ့ရပါတယ်။ ယခုအခါ တောင်သူများမှ နွေစပါးစိုက်ပျိုးရန် ဆန္ဒပြင်းပြလာကြသဖြင့် ပြုပြင်

ပေးရန် တောင်းဆိုလာခြင်းဖြစ်ပါတယ်။ သို့ပါ၍ မေးမြန်းချက်များအပေါ် အချက်တစ်ချက်ချင်း ကျွန်တော် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

မေးမြန်းချက်(၁) အရ ကြို့ကိုးပင်ရွာမှ ကွင်းကျယ်ရွာအထိ ရေအပြည့်အဝပေးဝေနိုင်ရန် ရေပေးဝေလျက်ရှိသော လက်ဝဲမြောင်းမကြီးလက်တံလေးမြောင်းကို ပုံစံကျ ပြန်လည်ပြုပြင်ပေးမည်ဖြစ်ပါတယ်။ အဆိုပါမြောင်းတွင် တည်ဆောက်ပေးရန်တင်ပြသည့် လှည်းကူးတံတား သုံးစင်းသည် ယခင်စီမံကိန်းကာလက ပါဝင်ခြင်းမရှိဘဲ အသစ်တည်ဆောက်ရမည်ဖြစ်သည့်အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒုတိယမေးမြန်းချက်နဲ့ပတ်သက်ပြီးတော့ အောက်ကိုင်းရွာနှင့် ကွင်းကျယ်ရွာဘက်ထွက်သော လက်ဝဲလက်တံ-၆ (Minor-3) မြောင်းကို ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ပါတယ်။ အောက်ကိုင်းရွာအနောက်ဘက်ရှိ လက်ဝဲလက်တံ-၆ မြောင်းဖြတ်တံတား ပျက်စီးနေမှုအားလည်း ပြုပြင်ပေးသွားမည်ဖြစ်ပါတယ်။ မေးမြန်းချက်(၃)နဲ့ ပတ်သက်ပြီးတော့ ဝိုင်းကျေးရွာနောက်ကျောမှ ကိုင်းတောစုရွာ၊ ကျွဲဖြူမရွာသို့ထွက်သော မြောင်းနှစ်မြောင်းဖြစ်သည့် လက်ဝဲလက်တံ-၁ နှင့် လက်ဝဲလက်တံ-၁ (Minor) မြောင်းများအား ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ပြီး အဆိုပါမြောင်းများတွင် တည်ဆောက်ပေးရန်တင်ပြသည့် လှည်းကူးတံတား နှစ်စင်းသည် အသစ်တည်ဆောက်ပေးရမည်ဖြစ်သည့်အတွက်ကြောင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်း(၄)နဲ့ပတ်သက်ပြီးတော့ အောက်ကိုင်းကျေးရွာတောင်ဘက် ဂမုန်းဆည် လက်ဝဲမြောင်း ပေတိုင် ၃၅၀၀၀ နေရာတွင် တည်ဆောက်ပေးမည့် ရေထိန်းရေကျ အဆောက်အအုံ Check Drop (၁)နှင့် လက်ဝဲလက်တံ-၈ မြောင်းပေါ်တွင် တည်ဆောက်ပေးမည့် မြောင်းဖြတ်ရေဆိုးရေထုတ် CDC အဆောက်အဦတစ်ခုကို မူလကမရှိခဲ့သော်လည်း နွေစပါးစိုက်ပျိုးရေရရှိရန်နှင့် ရေကြီးရေလျှံခြင်းမှကာကွယ်ရန် လိုအပ်သည့်အတွက် တည်ဆောက်ပေးသွားမည်ဖြစ်ပါတယ်။ ရေပေးဝေမှု လွယ်ကူချောမွေ့စေရန် လက်ဝဲလက်တံ-၈ မြောင်းအားလည်း ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ပါတယ်။

မေးမြန်းချက်(၅)နဲ့ပတ်သက်ပြီးတော့ ထွန်းလှကွင်းရွာမှ ဆိတ်ကြီးရွာဘက်သို့ထွက်သော လက်ဝဲလက်တံ-၉ မြောင်းအား ပုံစံကျ ပြုပြင်ပေးသွားမည်ဖြစ်ပါတယ်။ မေးမြန်းချက်(၆)နဲ့ပတ်သက်ပြီးတော့ သဖန်းပင်ဆိပ်ရွာမှ လိပ်ဥကုန်းရွာဘက်သို့ထွက်သော လက်ဝဲလက်တံ-၁၀ မြောင်းအား ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ပါတယ်။ မေးမြန်းချက်(၇)ဖြစ်သော ချင်းစုရွာမှ ဝွေးချောင်းရွာဘက်

သို့ထွက်သော လက်ဝဲလက်တံ-၆ (Minor-5) မြောင်းနှင့် ဝေွးချောင်းရွာမှ သာလိကာရွာဘက်သို့ ထွက်သော လက်ဝဲလက်တံ-၆ (Minor-6) မြောင်းများကို ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းချက်တွင်ပါဝင်သော ရေပေးမြောင်းများ ပြန်လည်ပြုပြင်ခြင်းနှင့် ရေပေး အဆောက်အဦများ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု အစိုးရ၏ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကြည့်မြင်တိုင်မြို့နယ်၊ မြို့ဖက်ကမ်းမှ တစ်ဖက်ကမ်းရှိ ရွာများသို့ ပြည်ထောင်စုအစိုးရဘတ်ဂျက်ငွေဖြင့် တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိန် (ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကျန်းမာချမ်းသာပြီးတော့ လိုရာဆန္ဒပြည့်ကြပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က တော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန် ဖြစ်ပါတယ်။ ကျွန်တော်၏ မဲဆန္ဒနယ်မြေဖြစ်သော ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာ ကျေးရွာပေါင်း ၁၁ ရွာရှိပါတယ်။ လူဦးရေပေါင်းဟာ ၄၀၅၉၀ ဦးနေထိုင်ကြပါတယ်။ ၎င်းတို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဟာ တစ်ဖက်ကမ်းနှင့်များစွာ ကွာဟပြီးတော့နိမ့်ကျနေတာကို တွေ့ရှိရမှာဖြစ် ပါတယ်။ ပညာရေးမှာဆိုရင်လည်း အစိုးရအထက်တန်းကျောင်းတစ်ကျောင်းသာရှိပြီးတော့ ခက်ခဲစွာ ပညာသင်ကြားနေကြပါတယ်။ ကျန်းမာရေးမှာဆိုရင်လည်း ကျွန်တော်တောင်းပေးခဲ့သော ၁၄၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံသာရှိပြီးတော့ ပင်ပန်းဆင်းရဲစွာနဲ့တစ်ဖက်ကမ်းကိုကူးပြီးတော့ ပြသတဲ့အတွက် ကျွန်တော်တို့လမ်းမှာကြန့်ကြာမှုကြောင့် နှစ်စဉ်သေဆုံးသူဦးရေဟာ ၂၀ ဦးရှိတာကို တွေ့ရှိရပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာဆိုရင်လဲ ကားလမ်းလုံးဝမရှိပါဘူး။ တကယ်လို့ ကျွန်တော်တို့တောင်းပေး သော တံတားတစ်စင်းရရှိပါက ၎င်းတို့ရဲ့ ဒေသခံပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းများသည် များစွာပြောင်းလဲတိုးတက်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့သစ်စီမံ ကိန်းအနေနဲ့လည်း ခြောက်လမ်းသွားတံတားလမ်းမကြီးပါတဲ့ တံတားကြီး ၅ စင်း အခြေခံအဆောက် အဦတွေဖြစ်တဲ့ ကျောင်း၊ တံတား၊ ဆေးရုံ၊ ဘိုးဘွားရိပ်သာ နောက်တစ်ခါ ကျွန်တော်တို့ အဆင့်မြင့်

အိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာ စသည်တို့ကို ဆောက်လုပ်မယ်ဆိုတုန်းကလဲ ကျွန်တော်တို့ တစ်ဖက်ကမ်း ရွာသူရွာသားများသည် ဝမ်းသာမဆုံးဖြစ်ခဲ့ရပါတယ်။ သို့သော် အခြေအနေအကြောင်းအမျိုးမျိုး ကြောင့် မြို့သစ်စီမံကိန်းဟာ ယာယီရပ်နားထားတဲ့အတွက် အခုကြားဖြတ်အနေနဲ့ မေးခွန်းကို မေးမြန်း အပ်ပါတယ်။ ကြည့်မြင်တိုင်မြို့ဖက်ကမ်းကနေပြီးတော့ တစ်ဖက်ကမ်းရွာများသို့ ပြည်ထောင်စုအစိုးရ ဘတ်ဂျက်အနေဖြင့် တံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်ကာလ တွင် တည်ဆောက်မည်။ မရှိပါက အဘယ်ကြောင့်နည်း။ ၎င်းမေးခွန်းကို ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်တင်သွင်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသန်းစိန်မှ မေးမြန်းထားတဲ့ ကြည့်မြင်တိုင်မြို့ဖက်ကမ်းမှ တစ်ဖက်ကမ်းရှိရွာများသို့ ပြည်ထောင်စုအစိုးရဘတ်ဂျက်ရန်ပုံငွေဖြင့် တံတားတစ်စင်း တည်ဆောက် ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြစ်ကူးတံတား၊ ကြည့်မြင်တိုင်-အေးရွာတံတား စီမံကိန်းဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံ JICA အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ထားတဲ့ မဟာရန်ကုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်မှာ ထည့်သွင်းရေးဆွဲထားတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ဒီအတွက်ကြောင့် ကြည့်မြင်တိုင်မြို့နယ်၊ လှိုင်မြစ်ကို ဖြတ်သန်းတဲ့ ကြည့်မြင်တိုင်-အေးရွာတံတား တည်ဆောက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ (Ministry of Land, infrastructure, Transport and Tourism (M.L.I.T) ရဲ့ ကူညီထောက်ပံ့မှုနဲ့ JFE Engineerings Corporation, Japan မှ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု(Feasibility Study) လုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာမှာ အကြိုဖြစ်မြောက်နိုင်စွမ်း

လေ့လာမှု (Pre Feasibility Study) လုပ်ငန်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အကြိုလေ့လာမှုအရ တံတားအရှည် ၂၆၅၇ မီတာခန့် ရှိမှာဖြစ်ပြီးတော့ ယခုအခါမှာ စီမံကိန်းနှင့်သက်ဆိုင်တဲ့ အချက်အလက်များ ရရှိရေးအတွက် အသေးစိတ်ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Detail Feasibility Study) ကို သက်ဆိုင်ရာဌာနများရဲ့ အကူအညီရယူပြီး ကွင်းဆင်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကြည့်မြင်တိုင်-အေးရွာအနီးမှာ လှိုင်မြစ်ကူးတံတား တည်ဆောက်နိုင်ပါက ရန်ကုန်မြို့တော်အတွင်း လမ်းကွန်ရက်အသစ် ပေါ်ပေါက်လာနိုင်ခြင်း၊ မြို့ပြကိုချဲ့ထွင်နိုင်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုများကို လျှော့ချနိုင်ခြင်း စတဲ့အကျိုးကျေးဇူးများသာမက တည်ဆောက်ရေး အဆင့်မြင့်နည်းပညာများကို မြန်မာအင်ဂျင်နီယာများ ရရှိလာမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ ကျွန်တော်တို့ရဲ့အကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာကတော့ ကျွန်တော်တို့ တင်ပြထားတာ ကြည့်မြင်တိုင်တစ်ဖက်ကမ်း အေးရွာကို တံတားထိုးမယ့်နေရာဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ ရွေးချယ်ထားတဲ့ တံတား Aliment သုံးခုဖြစ်ပါတယ်။ ဒါတစ်၊ နှစ်၊ သုံး ဒီသုံးခုကို ရွေးချယ်ထားတာဖြစ်ပါတယ်။ ဒါကတော့ တစ်လမ်းချင်း ခြယ်ထားတာဖြစ်ပါတယ်။ ဒီလမ်းအူကြောင်း-၁ကတော့ ဆင်မလိုက်ကနေထွက်လာပြီးတော့ ဟံသာဝတီလမ်းကိုဝင်ပြီးတော့ ဟံသာဝတီအဝိုင်းထိသွားတဲ့ ဒီလမ်းကြောင်း(၁)မှာထိုးမယ့်တံတားဖြစ်ပါတယ်။ ဒါလမ်းကြောင်း(၂) ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ အလုံလမ်းကိုဝင်တဲ့လမ်းကြောင်းဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ လွှတ်တော်ရှိတဲ့နေရာ ဖြစ်ပါတယ်။ ဒါလမ်းအူကြောင်း(၃) ဖြစ်ပါတယ်။ ဒါဗားကရာကိုဝင်မယ့်လမ်းဖြစ်ပါတယ်။ ဒီနေရာကနေပြီးတော့ ကျွန်တော်တို့ ဗားကရာကို ဝင်လာပါ့မယ်။ ဒီမှာကျွန်တော်တို့ ဗားကရာချောက်ကိုကျော်ပြီးရင် ကျွန်တော်တို့ ဒါမြေနီကုန်းအဝိုင်းထိဆက်သွားမှာ ဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ တံတားကိုထိုးမယ့်အခါ တံတားသုံးမျိုး Alternative အနေနဲ့ ပြထားတာဖြစ်ပါတယ်။ ဒီတံတားကတော့ သံပေါင်လုံးတံတား ဖြစ်ပါတယ်။ အက်(စ်)ဘော့ ဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်တော်တို့ ပန်းပွင့်ကြယ်ကြိုးဆိုင်းတံတား Cable Stay Bridge ဖြစ်ပါတယ်။ ဒီဟာကတော့ တာဝါတိုင်နဲနဲမြင့်ပါတယ်။ တာဝါတိုင်ရဲ့အမြင့်ဟာ ပေ ၉၀ ရှိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီမှာ Clear Span ကို ၁၃၁၂ ပေလိုချင်တဲ့အတွက် တာဝါတိုင်ကို မြင့်ထားတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Alternative (၃) ဖြစ်ပါတယ်။ ဒါကတော့ Extra Toe Bridge ဖြစ်ပါတယ်။ ဒါကတော့ တာဝါတိုင်ကို မီတာ ၃၀ လောက်ပဲ

ထားပြီးတော့ ခန်းပွင့်ကို ကျွန်တော်တို့ ပေ ၉၁၈ ပေလောက်အထိပေါ့ အကျယ်ရရှိအောင် ဆောင်ရွက်ထားတဲ့ တံတားသုံးမျိုးနဲ့လည်း ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒီဟာ တံတားပြီးသွားလို့ရှိရင်တော့ ကျွန်တော်တို့ ကြိုးဆိုင်းတံတားကြီးအနေနဲ့ ဒီလိုပုံစံဖြစ်သွားမယ်ဆိုတာကို ပြသထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့ ယခုအခါမှာ ကျွန်တော်တို့ ကြည့်မြင်တိုင်နဲ့ အေးရွာလှိုင်မြစ်ကူးတံတားတည်ဆောက်ရေးအတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း အသေးစိတ်အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပြီးတဲ့အခါမှာ ရန်ကုန်တိုင်းအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီးတော့ တံတားကြီးဖြစ်မြောက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သိန္နီမြို့ရှောင်ကွင်းလမ်းကို ဖောက်လုပ်ပေးရန်နှင့် မြို့ရှောင်ကွင်းလမ်း မဖောက်လုပ်မီယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဝင်းခိုင်၊ သိန္နီမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)**။ ။မင်္ဂလာပါ။ အားလုံးကို လေးစားပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သိန္နီသည် မန္တလေး-လားရှိုး-မူဆယ်လမ်းနှင့် သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် လမ်းခွဲ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပါတယ်။ အဆိုပါလမ်းများမှာ တစ်နေ့လျှင် ပျမ်းမျှယာဉ်အစီးရေ ၃၅၀၀ စီးခန့် ဖြတ်သန်းသွားလာလျက် ရှိပါတယ်။ ၂၀၁၅ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ မနက် ၂ နာရီအချိန်တွင် သိန္နီ-ကွတ်ခိုင်-ကွမ်းလုံ လမ်းခွဲ၌ မူဆယ်မှ ဓာတ်မြေသြဇာတင်လာသော ကုန်တင်ယာဉ်တွဲ အရှိန်မထိန်းနိုင်ဘဲ ရပ်ကွက်(၄)နေ ဦးစိုင်းလှမောင် အသက် ၈၄ နှစ်အိမ်ဆီသို့ ဝင်ရောက်တိုက်မိကာ အိမ်ကြီးတစ်ခုလုံးနှင့် ကားကြီးတစ်ခုလုံး ရစရာမရှိဘဲ ပျက်စီးသွားခဲ့ရပါတယ်။ ကားထဲမှာ ယာဉ်မောင်းနှင့် အိမ်ထဲမှာအိပ်နေသော အိမ်ပိုင်ရှင် ဦးစိုင်းလှမောင်သည်လည်း ပွဲချင်းပြီး သေဆုံးသွားခဲ့ရပါတယ်။ အဆိုပါနေရာ၌ ၂၀၁၃ မတ်လ ၃၀ ရက်နေ့တွင် ထိုကဲ့သို့ဖြစ်ရပ်မျိုးများ ကြုံတွေ့ခဲ့ရပါတယ်။ ထိုအချိန်တွင်လည်း ကားထဲမှယာဉ်မောင်း

သည်လည်း ကားထဲမှာ ပွဲချင်းပြီးသေဆုံးခဲ့ရပြီး အိမ်ကြီးသည်လည်း အားလုံးပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင် အစစအရာရာလိုက်လံပြီး ကူညီဖြေရှင်းခဲ့ရပါတယ်။ ထိုနေရာအချိုးအကွေ့လမ်းသည် မတ်စောက်သော ကုန်းစောင်းဖြစ်တဲ့အပြင် အယ်လ်ကွေ့ဖြစ်ပြီး လမ်းကျဉ်းနေ၍ နှစ်စဉ်နှစ်တိုင်း ထိုကဲ့သို့ဖြစ်ရပ်များ ကြုံတွေ့နေရပါတယ်။ ဒီအန္တရာယ်ကြောင့် ထိုနေရာအနီးတစ်ဝိုက်တွင် နှစ်စဉ် လူသေဆုံးမှုများ ကြုံတွေ့ရှိနေရပါတယ်။ မြို့ရှောင်လမ်းများ မဖောက်လုပ်ပေးပါက ထိုကဲ့သို့ ဖြစ်ရပ်မျိုးများ ထပ်မံကြုံတွေ့နိုင်ဦးမည်ဖြစ်ပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်းများကို သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ (က) ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်နှင့် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းရေးအတွက် သိန္နီမြို့ရှောင်လမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ (ခ) ယာဉ်အန္တရာယ်ကြောင့် ကျန်ရစ်သူ၊ နစ်နာသူ မိသားစုပြည်သူများအတွက် မည်သို့တာဝန်ယူ ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ (ဂ) မြို့ရှောင်လမ်းကွင်းလမ်း မဖောက်လုပ်နိုင်သေးမီ ယာဉ်အန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားမည်ကို သိရှိလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြည်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

### ဖြေကြားချက်

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းဝင်းခိုင်မှ မေးမြန်းထားတဲ့ သိန္နီမြို့တွင်းကိုဖြတ်သန်းသွားတဲ့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းသုံးခုကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမမေးခွန်းဖြစ်တဲ့ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်နဲ့ ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရေးအတွက် သိန္နီမြို့ရှောင်လမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ပတ်သက်ပြီး တင်ပြရရင် သိန္နီမြို့ရှောင်လမ်းကို B.O.T စနစ်နဲ့ ဆောင်ရွက်နေတဲ့ Oriental Highway ကုမ္ပဏီ ယခင်က Asia World ကုမ္ပဏီလိမိတက်ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကနေပြီးတော့ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှု ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဖောက်လုပ်

မယ့်မြို့ရှောင်လမ်းကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)၊ လမ်းပုံထုတ်မှ အသေးစိတ်တိုင်းတာတွက်ချက်စိစစ်ပြီး လမ်းနယ်နမိတ်အတွင်းကျရောက်တဲ့ လယ်ယာမြေများအား လျော်ကြေးပေးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်မြေယာကော်မတီများနဲ့ စိစစ်ပြီး မြို့ရှောင်လမ်းအား ဖောက်လုပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ ယာဉ်အန္တရာယ်ကြောင့် နစ်နာသူမိသားစုများအတွက် မည်ကဲ့သို့တာဝန်ယူ ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ပတ်သက်တဲ့ မေးခွန်းအားဖြေကြားရရင် အရှိန်မထိန်းနိုင်ဘဲ နေအိမ်ဆီသို့ ဝင်ရောက်တိုက်မိတဲ့ဟာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့လည်း သိရှိပါတယ်။ ဒီမှာ အသက် ၈၄ နှစ်ရှိတဲ့ အဖိုးအိုကြီးလည်း ဒါဒီနေရာမှာပဲ ဆုံးပါးသွားတာ ကျွန်တော်တို့ သိရှိလိုက်ရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့လည်းပဲ သက်ဆိုင်ရာ Asia World ကုမ္ပဏီလိမိတက်ကနေပြီးတော့ ဖြစ်တဲ့အချိန်မှာ Backhoe တစ်စီးကို ငါးရက်ကြာရှင်းလင်းတာတို့ Truck Crane နဲ့ နှစ်စီးနဲ့ နှစ်ရက်ကြာ ရှင်းလင်းပေးခဲ့ပါတယ်။ အဲဒီလိုဖြစ်ပွားစဉ်အခါမှာတော့ လူမှုရေးအရ ကူညီပံ့ပိုးမှုများ မရှိခဲ့ဘူးလို့ ကျွန်တော်တို့သိရတဲ့အတွက် အခုချိန်မှာတော့ သက်ဆိုင်ရာယာဉ်ပိုင်ရှင်နဲ့ သက်ဆိုင်ရာ လမ်းကိုတာဝန်ယူတဲ့ Asia World ကုမ္ပဏီတို့ကို အစစအရာရာ လူမှုရေးအရ ကူညီဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကုန်တင်တွဲယာဉ်မောင်းကိုလည်း သိန္နီရဲစခန်းမှာ တရားဥပဒေအရ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ တတိယမေးခွန်းဖြစ်တဲ့ မြို့ရှောင်ကွင်းလမ်း မဖောက်မီယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ပတ်သက်တဲ့ မေးခွန်းကို ဖြေကြားရရင် ကျွန်တော်တို့အနေနဲ့ ဒီမှာ ကျွန်တော် Power Point မှာတင်ပြထားတဲ့အတိုင်း ဒီသိန္နီမြို့ရဲ့ ဖြစ်တဲ့နေရာက ဒီလမ်းဆုံဖြစ်ပါတယ်။ တစ်ဖက်က ကွမ်းလုံကိုသွားတာဖြစ်ပါတယ်။ တစ်ဖက်က မူဆယ်သွားတဲ့ လမ်းဆုံဖြစ်ပါတယ်။ ဒီနေရာကို ကျွန်တော်ကိုယ်တိုင်လည်း ၂၀၁၃ မှာတစ်ကြိမ်၊ ၂၀၁၄ မှာတစ်ကြိမ် သွားရောက်ကွင်းဆင်းပြီးတော့ လိုအပ်ချက်များ ကျွန်တော် ဆောင်ရွက်ဖို့ ကျွန်တော်တို့ ညှိနှိုင်းခဲ့တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့က ဆောင်ရွက်တဲ့အခါမှာ မိုင်တိုင် ၂၀၆/၅ နဲ့ ၂၀၆/၆ ကြားထဲမှာ လမ်းသား နှိမ့်ချဖို့လိုပါတယ်။ အဲဒီအပိုင်းမှာ ကျွန်တော်တို့ ပြန်ကြည့်ရင် လမ်းရဲ့ Gradient ဒီကဆင်းလာတာ မူဆယ်ဘက်က

ဆင်းလာတဲ့အခါမှာ ဒီလမ်း Gradient က ၁၀ ရာခိုင်နှုန်းလောက် ဖြစ်နေတာ ဖြစ်ပါတယ်။ တော်တော်လေးကို မတ်စောက်တဲ့အတွက် ဒီမှာ အရှိန်မထိန်းနိုင်ဘဲ အခုလိုဖြစ်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဟာကို ကျွန်တော်တို့က ပေ ၁၅၀ အရှည်လောက်အထိ နှိမ့်ချလိုက်လို့ရှိရင် လမ်းရဲ့ Gradient က ခြောက်ရာခိုင်နှုန်းပဲ ကျန်နေရင် ဒါအများကြီးအဆင်ပြေသွားမှာဖြစ်တဲ့အတွက် ဒီဟာကို ညှိနှိုင်းဆောင်ရွက်ဖို့ဆိုပြီးတော့ သိန္နီမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရယ်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရယ်၊ ကျွန်တော်တို့ဆီကခရိုင်အင်ဂျင်နီယာမှူးရယ်၊ Asia World ကုမ္ပဏီက စီမံကိန်းဒါရိုက်တာနဲ့ လမ်းတာဝန်ခံတွေရယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေရယ်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေရယ်၊ သိန္နီမြို့နယ် ရဲစခန်းမှူးရယ်၊ သတင်းတပ်ဖွဲ့နဲ့ လမ်းသားနှိမ့်ချမယ့်နေရာမှာ သက်ဆိုင်တဲ့နေအိမ်များမှ ရပ်မိရပ်ဖ များ ပါဝင်တဲ့ ညှိနှိုင်းအစည်းအဝေးကို ၁၀-၃-၂၀၁၅ ရက်နေ့မှာ သိန္နီမြို့ အထွေထွေအုပ်ချုပ်ရေး မှူးရုံးမှာ ကျင်းပခဲ့ပါတယ်။ မတ်စောက်ပြီးတော့ အဆင်းကြီးတဲ့ ကုန်းဆင်းကို မြေသားနှိမ့်ချရန် ညှိနှိုင်းခဲ့တဲ့အခါမှာ လမ်းဘေးနေအိမ်များက ကန့်ကွက်ခဲ့တဲ့အတွက် ယနေ့အချိန်ထိ ညှိနှိုင်းလို့မရ သေးတဲ့အတွက် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ သို့သော်လည်းပဲ ယာဉ်အန္တရာယ်ကင်းရှင်းအောင် ကျွန်တော်တို့ ကြိုတင်ဆောင်ရွက်ထားတဲ့ ပဏာမလုပ်ငန်းများအနေနဲ့ကတော့ ဒါကျွန်တော်တို့ မူဆယ်ဘက်ကဆင်းလာတဲ့လမ်းဖြစ်ပါတယ်။ ဆင်းလာတဲ့အခါမှာ ဒီဘက်လမ်းကြောင်းကို ကျွန်တော် တို့ဒီမှာ ဒါအရှိန်လျှော့ဖို့အတွက် ကျွန်တော်တို့ Slow-down တွေ ကျွန်တော်တို့ ဒီမှာထားပါတယ်။ Slow-down ထားပြီးတော့မှ ကျွန်တော်တို့က ဒီဘက်ယာဉ်ကြောကနေလာပြီးတော့ ဖြစ်ပါတယ်။ ဒီတော့ ဒီဖြစ်တဲ့နေရာက ဒီအိမ်ဟာ ကျွန်တော်တို့ ခုနက ကားဝင်တိုက်သွားတဲ့အိမ် ဖြစ်ပါတယ်။ ဒီကဆင်းလာပြီးတဲ့အခါမှာ ဒီကားကြီးက အရှိန်မထိန်းနိုင်ပါဘူး။ ကျွန်တော်တို့က ကြိုတင်ပြီး ဘာကာထားလည်းဆိုတော့ ဒီအချိန်မှာ ဒီလိုကာရံထားတာဟာ အမြင့်ပေ ငါးပေဖြစ်ပါတယ်။ အမြင့်ပေ ငါးပေနဲ့ ကာရံထားပေမယ့် ဒီကားကြီးဆင်းလာတဲ့အချိန်မှာ ဒီနေရာမှာ ကားတစ်စင်းကိုဝင်တိုက် ပြီးတော့ အဲဒီအပေါ်ကနေ ကျော်ပြီးတော့ ဒီငါးပေကို ကျော်ပြီးတော့ ဒီအိမ်ကို ဝင်တိုက်သွားတဲ့ဖြစ်စဉ် ဖြစ်ပါတယ်။ ဒါဟာလည်းပဲ ဒါတော်တော်လေးကို ကျွန်တော်တို့ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ဖြစ်ရပ်ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး သက်ဆိုင်ရာတွေကိုလည်း ကျွန်တော်တို့ ထိရောက်စွာ အရေးယူ ထားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဒီဟာတွေကို နောက်ထပ်မဖြစ်ပွားအောင် လမ်းနှိမ့်ချတာလည်း သဘောမတူတဲ့အတွက် လမ်းဘက်ကနေ ဆက်လက်ဆောင်ရွက်ဖို့ ကျွန်တော်တို့

ပြင်ဆင်ထားတဲ့ကိစ္စရပ်များကတော့ Power Point မှာ ကျွန်တော်ပြပါမယ်။ ဒီလိုကျွန်တော်တို့ ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒီဘက်ကလာတဲ့အခါမှာ ဒီဟာက ကျွန်တော်တို့မူလက ဒါ Slow-down ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ Slow-down ဆောင်ရွက်ထားပြီးတဲ့အပြင် ကျွန်တော်တို့က ဒီမှာ ထပ်ပြီးတော့ ဒါကျွန်တော်တို့ Concrete Barriers ဖြစ်ပါတယ်။ ဒီလိုပုံစံတွေ ကျွန်တော်တို့ ထပ်ထည့်တာဖြစ်ပါတယ်။ ထပ်ထည့်ပြီးရင် ဒီအဝါရောင်တွေကလည်း ဒါ Rumble Strip တွေဖြစ်ပါတယ်။ ဒါကားရဲ့ ကျွန်တော်တို့ မောင်းသွားတဲ့အခါ အသံတွေပေးပြီးတော့ သတိပေးတဲ့ မျဉ်းကျားသဘောမျိုး ကျွန်တော်တို့ Rumble Strip တွေထည့်ပြီးတော့ လမ်းကြောင်းကို ဒီအတိုင်း မှန်ကန်အောင်လုပ်ဖို့ ဆိုပြီးတော့ ဆောင်ရွက်ထားရှိတဲ့အနေအထားကို ကျွန်တော်တို့ ဆောင်ရွက်ထားရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ လမ်းလွှဲကို အမြန်ဆုံး မြို့ရှောင်လမ်းကို အမြန်ဆုံး ဆောင်ရွက်ပါ့မယ်။ မြို့ရှောင်လမ်း မဆောင်ရွက်မီကာလမှာ ဒီနည်းနဲ့ ကျွန်တော်တို့ စနစ်တကျ သက်ဆိုင်ရာ ရဲတပ်ဖွဲ့ရဲ့အကူအညီနဲ့ပါ ညှိနှိုင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၁၄၄(ဂ) အရ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးပါရစေခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုအမှုအခင်းဖြစ်ပြီးနောက်ပိုင်း သက်ဆိုင်ရာမော်တော်ယာဉ် ပိုင်ရှင်ကလာရောက်၍ လူမှုရေးအရ ဖြေရှင်းမှုမရှိသေးခြင်း၊ ဆက်သွယ်ခြင်းမရှိသေးခြင်း၊ လာရောက် ကြည့်ရှုစောင့်ရှောက်မှုမရှိခြင်း၊ အားပေးမှုမရှိသေးခြင်း၊ ကူညီခြင်းမရှိသေးခြင်း၊ ယာဉ်ပိုင်ရှင် ပျောက်ခြင်းမလှပျောက်နေခြင်း၊ သက်ဆိုင်ရာဌာနကို မေးမြန်းသော်လည်း စုံစမ်းနေဆဲလို့ ပြောကြား နေခြင်း၊ မော်တော်ယာဉ်ပိုင်ရှင် အစစ်အမှန်ကို ဖော်ထုတ်ပေးခြင်းမရှိသေးခြင်း၊ နာရေး၊ ကုသရေး၊ နေရေး၊ ထိုင်ရေး အမှုအခင်းဖြစ်နေပြီး သန့်ရှင်းရေး စသည့်ကုန်ကျစရိတ်များကို တစ်ပြားတစ်ချပ်မှ အကူအညီအထောက်အပံ့များ မရရှိသေးခြင်း၊ အိမ်တစ်အိမ်လုံး လုံးဝပျက်စီးသွားတဲ့အတွက် နေစရာ အခက်အခဲများ ကြုံကြိုက်နေရခြင်း၊ အချိန်ကြံ့ကြာလာမှုရှိ၍ အိမ်ပိုင်ရှင်များ မိမိဖခင်သေဆုံး၍ စိတ်ထိခိုက်ဒဏ်ရာရရှိတဲ့အပြင် ကျန်ရစ်သူမိသားစုများမှာ ထိုအခင်းမှ ဒဏ်ရာရသဖြင့် ယခုထိ တိုင်အောင် ဆေးဝါးကုသနေရခြင်း၊ ကျန်ရစ်သူမိသားစုမှ ခြေမကိုင်မိလက်မကိုင်မိဖြစ်နေရခြင်း၊ မည်သို့စခန်းသွားရမည်ကို နားမလည်ခြင်း၊ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် စိတ်ဓါတ်ရေးရာ၊ ပညာရေး၊ ကျန်းမာရေးအတွက် အကူအညီများလိုအပ်နေခြင်း၊ အခင်းဖြစ်ပွားပြီး နှစ်လနီးပါးကြန့်ကြာ နေ၍ အိမ်ရှင်မှာ စိတ်ဓါတ်ရေးရာကျဆင်းနေခြင်း၊ ယာဉ်ပိုင်ရှင်ကို အမြန်ဆုံးဖော်ထုတ်ပေးရန်၊ ဥပဒေ

လမ်းကြောင်းပါအတိုင်း ဖြေရှင်းပေးရန်လိုအပ်ခြင်း စသည်တို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယာဥ်ပိုင်ရှင်အား အမြန်ဆုံးဖော်ထုတ်ပေးရန် ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျာ။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးကလည်း ယာဥ်ပိုင်ရှင်ကို မရှာပါနဲ့တော့။ ကျွန်တော်တို့ဝန်ကြီးဌာနကပဲ ဒီယာဥ်ပိုင်ရှင်ကို ရှာဖွေပြီးတော့ လူမှုရေးအရ ဆက်သွယ်ဆောင်ရွက်ဖို့၊ လုံးဝကူညီခြင်းမရှိသေးတာကို ကူညီပေးဖို့ မော်တော်ယာဥ်ပိုင်ရှင်ကို ကျွန်တော်တို့ရှာဖွေပါ့မယ်။ ငွေကြေးထောက်ပံ့ပေးမှုနဲ့ပတ်သက်လို့လည်းပဲ မော်တော်ယာဥ်ပိုင်ရှင်တင် မဟုတ်ပါဘူး သက်ဆိုင်ရာ လမ်းBOTယူထားတဲ့ကုမ္ပဏီဖြစ်တဲ့ Asia World ကုမ္ပဏီကိုပါ ဆက်သွယ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ ။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဥ်ပြီးဆုံးပါပြီ။

**ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်က ကျေးလက်မြို့နယ်၊ ခရိုင်လမ်းများကို အဓိကဆက်သွယ်ပေးသော လူမှုရေး၊ စီးပွားရေးအစ အဓိကကျသည့် ခရိုင်ချင်းဆက်လမ်းများ၊ ဒီစတြိတ်ကောင်စီလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူလွှဲပြောင်း လည်ပတ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးအေးမောက်အားဖိတ်ခေါ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီနေ့ အဆိုတင်သွင်းသွားမှာကတော့ ဒီစကြိတ်ကောင်စီလမ်းများ၊ ခရိုင်ချင်းဆက်လမ်းများနှင့်ပတ်သက်လို့ ကိစ္စအရပ်ရပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းတာဝန်ယူ လည်ပတ်ဆောင်ရွက်ပေးရန်နှင့်ပတ်သက်လို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းမှာ B.O.T စနစ်နဲ့ လုပ်ကိုင်နေတာဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနက အဓိကလုပ်ကိုင်နေပြီးတော့ ဒီရတဲ့ငွေနဲ့ပဲ ပြန်ပြီးတော့ ထိထိရောက်ရောက်အောင်အောင်မြင်မြင်ထိန်းသိမ်းပြီးတော့ အသစ်များတိုးချဲ့ဆောင်ရွက်နေနိုင်တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ယခင့်ယခင်အစိုးရများလက်ထက်က ခရိုင်ချင်းဆက်လမ်းများ၊ မြို့ရွာချင်းဆက်လမ်း

များ အထူးအလေးပေးဖောက်လုပ်ဆောင်ရွက်ခဲ့လို့ ပြည်သူများ လူမှုရေး၊ စီးပွားရေး သွားရေးလာရေး လွယ်ကူခဲ့တာလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီနေ့ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးမတိုင်မီက တည်ရှိခဲ့တဲ့ မြို့ရွာချင်း ခရိုင်ချင်းဆက်လမ်းများ၊ ဒီစကြိတ်ကောင်စီလမ်းများ ဖောက်လုပ်ပေးခဲ့လို့လည်းပဲ အဆင်ပြေတာကိုလည်းပဲ တွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ယနေ့ပြန်ကြည့်တဲ့အခါမှာ ဒီစကြိတ်ကောင်စီလမ်းများနှင့်ပတ်သက်လို့ လုံးဝနီးပါး ဆောင်ရွက်ပေးမှုမရှိဘဲ ပျက်စီးနေတာကို တွေ့ရပါတယ်။ ဒီလိုပျက်စီးတဲ့လမ်းတွေဟာ တကယ်တော့ ကျေးရွာများ၊ မြို့နယ်များအတွက် အလွန်ပင် အသုံးဝင်တဲ့အတွက် ဒီကိစ္စတွေကိုဆောင်ရွက်ပေးဖို့ရန် အထူးလိုအပ်ပါတယ်။ အဲဒီလို လိုအပ်တဲ့အခါမှာ နည်းပညာပိုင်းကော၊ ရန်ပုံငွေသုံးစွဲနိုင်တာကော၊ နောက်တစ်ခါ အင်အားကောရှိတဲ့ဝန်ကြီးဌာနများက ဆောင်ရွက်ပေးမယ်ဆိုရင် ပိုပြီးတော့အဆင်ပြေမှာဖြစ်ပါတယ်။

ဒါဘာလို့ ကျွန်တော်တင်ပြရသလဲဆိုတော့ ဒီနေ့ မြို့ရွာချင်း၊ ခရိုင်ချင်းဆက်တဲ့လမ်းတွေကိစ္စမှာ နယ်စပ်စည်ပင်တို့၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဦးစီးတို့ကရှိသော်လည်းပဲ သူတို့ဟာ မြို့နယ်အသီးသီးမှာရှိတဲ့ အင်ဂျင်နီယာတစ်ဦးသာ ရှိပြီးတော့ ဒီအင်ဂျင်နီယာမှာ အင်အားလည်း မရှိပါဘူး။ လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ သူတို့မှာ ယာဉ်၊ ယန္တရားကအစ ဘာမှလည်းမရှိပါဘူး။ ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် လက်တွေ့ ကျွန်တော့်မြို့နယ်မှာ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေမှာ လမ်း၊ တံတားတွေမှာ အားရဖွယ်မရှိတဲ့အပြင် သူတို့ကိုတောင်းပန်နေရပါတယ်။ ဒီဘတ်ဂျက်အတွင်းမှာ ပြီးဖို့၊ လုပ်ပေးဖို့ ဒီငွေဆုံးသွားမှာစိုးလို့ဆိုပြီးတော့ အဲဒီလိုအခြေအနေများရှိတဲ့အတွက် တကယ့်လုပ်နိုင်ကိုင်နိုင်တဲ့ ဝန်ကြီးဌာနကြီးလည်းဖြစ်တဲ့၊ အတွေ့အကြုံလည်းရှိတဲ့၊ တကယ်လည်းအောင်မြင်အောင် ဆောင်ရွက်နိုင်မယ့် ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ လွှဲပြောင်းယူဖို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခရိုင်ပတ်လမ်းနဲ့ပတ်သက်လို့လည်းပဲ ယခင်က နယ်စပ်စည်ပင်က ဆောင်ရွက်ခဲ့သလို ဒီစကြိတ်ကောင်စီလမ်းများကိုလည်းပဲ သက်ဆိုင်ရာအာဏာပိုင်များက ဆောင်ရွက်သော်လည်းပဲ ပျက်စီးယိုယွင်းနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဒီနိုင်ငံအတွင်းမှာရှိတဲ့ ခရိုင်ချင်းဆက်လမ်းများ၊ ဒီစကြိတ်ကောင်စီလမ်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းတာဝန်ယူဆောင်ရွက်မယ်ဆိုရင် အဖက်ဖက်မှ အဆင်ပြေနိုင်မယ်လို့ လေ့လာသုံးသပ်ရရှိတဲ့အတွက် ကျွန်တော်တို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျေးလက်၊ မြို့နယ်၊ ခရိုင်ချင်းဆက်သွယ်ပေးမယ့် လူမှုရေး၊ စီးပွားရေးကအစ အဓိကကျတဲ့ခရိုင်ချင်းဆက်လမ်းများ၊ ဒီစကြိတ်ကောင်စီလမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူလွှဲပြောင်းဆောင်ရွက်ပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက်လို့

လည်းပဲ တစ်ပြိုင်တည်းလွှဲပြောင်းရယူခြင်းမပြုလုပ်ဘဲနဲ့ တစ်ဆင့်ချင်း၊ တစ်ပိုင်းချင်း၊ နယ်မြေဒေသအလိုက်လွှဲပြောင်းရယူပြီးတော့ တစ်ဆင့်ချင်းသွားဖို့ ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။

ဒီအဆိုနှင့်ပတ်သက်လို့ တစ်ဆက်တည်းပဲ ဆက်လက်ထပ်မံတင်ပြချင်တာကတော့ ဒီအဆိုဟာ ၂၀၁၄ ခုနှစ် ဇူလိုင်လက တင်သွင်းထားတာဖြစ်တဲ့အတွက် အခြေအနေနဲ့အချိန်အခါအရ အခုအပြောင်းအလဲလေးများရှိတာကိုလည်းပဲ တွေ့ရမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီနေ့ ဒီလမ်းတွေနဲ့ပတ်သက်လို့၊ တခြားဌာနလမ်းတွေနဲ့ပတ်သက်လို့ မိုင်ပေါင်း ၇၀၀ ကျော် ထပ်မံပြီးတော့ အခုယူထားတာကိုလည်းပဲ အခုကြားသိရပါတယ်။ ဒါ့အပြင် လမ်းပေါင်း ၆၃ လမ်းကိုလည်းပဲ သူတို့ စတင်တာဝန်ယူဆောင်ရွက်နေပြီဆိုတာလည်း သိရတဲ့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဌာနကြီး လေးခုထပ်မံတိုးချဲ့ဖွဲ့စည်းပြီးဆောင်ရွက်မယ်လို့လည်းပဲ သိရပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်ပတ်သက်လို့တော့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်မှာလည်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒါကို မှတ်တမ်းတင်ပေးဖို့ တစ်ဆက်တည်းပဲတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးကြည်ပြုံး(စဉ့်ကိုင်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် စဉ့်ကိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံးအနေနဲ့ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် တင်သွင်းတဲ့အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ခုနက အဆိုရှင်တင်သွင်းတဲ့အတိုင်း မြို့နယ်ခရိုင်အသီးသီးမှာ ယခင့်ယခင်အစိုးရများလက်ထက်က အမြော်အမြင်ကြီးမားစွာနှင့် ခရိုင်ချင်းဆက်လမ်းများ ရှေးယခင် အဆက်ဆက်က တည်ရှိပြီးခဲ့တဲ့ ဒီစတြိတ်ကောင်စီလမ်းများကို ပြုပြင်တည်ဆောက်ပေးခဲ့ပါတယ်။ ဒီအတွက်လည်း ဒေသတွင်းပြည်သူများအနေနဲ့ လူမှုရေး၊ စီးပွားရေးမှာ အများကြီးတိုးတက်ခဲ့ပါတယ်။ တိုးတက်လျက်လည်းရှိပါတယ်။ သို့သော်လည်းပဲ အချိန်ကြာမြင့်လာတာနဲ့အမျှ ဖော်ပြခဲ့တဲ့လမ်းများဟာ ပျက်စီးစပြုနေပါပြီ။ တချို့လည်းပျက်စီးနေပါပြီ။ ဒါကို ကျွန်တော်တို့ လေ့လာကြည့်တဲ့အခါမှာ ဒီလမ်းတွေအပေါ်မှာ ရေရှည်ကောင်းမွန်မှုအတွက် ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ခြင်းမရှိတာကို တွေ့ရှိရပါတယ်။ ဒီအတွက် တချို့လမ်းတွေဟာ ကတ္တရာခင်းတဲ့လမ်းတွေဟာ ကတ္တရာတွေပေါက်ပြဲပြီးတော့ ပျက်စီးစပြုနေပါပြီ။

မြေသားလမ်း၊ ကျောက်ချောလမ်းတွေမှာလည်း မိုးတွင်းကာလ ဝပ်နေတဲ့ရေတွေကို မဖောက်ထုတ်နိုင်ပါဘူး။ လမ်းဘေးဝဲယာ ရေမြောင်းတွေလည်း ကောနေပါပြီ။ လမ်းဘေးဝဲယာ ချုံနွယ်တွေလည်း မရှင်းလင်းနိုင်တဲ့အတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်တွေလည်း တွေ့ကြုံနေရပါပြီ။ ရေရှည်ကောင်းမွန်ဖို့ဆိုရင်တော့ ကျွန်တော်တို့ ဒီလမ်းတွေကို ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေဟာ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလုပ်ငန်းစဉ်ဟာလည်း ကျွန်တော်တို့နိုင်ငံ ဦးတည်ဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်မှာ မရှိမဖြစ်တဲ့လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြလိုတာကတော့ ဒီလမ်းတွေကို ရေရှည်ကောင်းမွန်ဖို့ ပြုပြင်ထိန်းသိမ်းရာမှာ ကျွန်တော်တို့နိုင်ငံမှာ ဒါအစဉ်အလာအရ စနစ်တကျနဲ့ နိုင်ငံတကာအဆင့်မီ ပြုပြင်တည်ဆောက်ပေးနေတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနလည်း ရှိပြီးဖြစ်ပါတယ်။ ဒီဌာနမှာ ကျွမ်းကျင်တဲ့ အရာထမ်းဝန်ထမ်းများအင်အားတောင့်တင်းခြင်း၊ လုပ်ငန်းခွင်သုံးစက်ယန္တရားများ အင်အားတောင့်တင်းခြင်းများရှိနေတဲ့အတွက် ကျွန်တော်တို့ ဒီခရိုင်ချင်းဆက်လမ်းနှင့် ဒီစတြိုတ်ကောင်စီလမ်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆိုရှင်တင်ပြခဲ့တဲ့အတိုင်း တစ်ဆင့်ချင်းတစ်ဆင့်ချင်း လွှဲပြောင်းပြီးတော့ ဆောင်ရွက်ပေးသွားမယ်ဆိုရင် ရေရှည်တည်တံ့ကောင်းမွန်မှာဖြစ်ပါတယ်။ သို့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီခရိုင်ချင်းဆက်လမ်းများနှင့် ဒီစတြိုတ်ကောင်စီလမ်းများကို ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းတည်ဆောက်ပေးရန်အဆိုကို ထောက်ခံပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းပေးဖို့ဖြစ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပြီးတော့ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးအေးမောက် တင်သွင်းထားတဲ့အဆိုဖြစ်တဲ့ ဒီစတြိုတ်ကောင်စီလမ်းများ၊ ခရိုင်ချင်းဆက်လမ်းများနှင့်ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းတာဝန်ယူလည်ပတ်ဆောင်ရွက်ပေးနိုင်ပါရန် အဆိုနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့တော့ မြန်မာနိုင်ငံအတွင်း

မှာရှိတဲ့ နိုင်ငံတကာဆက်သွယ်ရေးလမ်း ၁၅ လမ်း၊ ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများဆက်သွယ်တဲ့လမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများစတဲ့ လမ်းတွေကို ကျွန်တော်တို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လမ်းများနှင့် ပတ်သက်ပြီးတော့ စံချိန်စံညွှန်းနှင့်အညီ တတ်နိုင်သမျှ ကြိုးစားပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်များကို အဆိုရှင်ကရော၊ ထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများက ကျွန်တော်တို့ကို ကျေနပ်ကြောင်းတင်ပြသွားတဲ့အတွက် ကျွန်တော် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ယခုအချိန်အထိ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၅ ခုနှစ် ဒီသက်တမ်းကာလအတွင်းမှာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တဲ့ လွှဲပြောင်းပြီးတော့ လက်ခံယူခဲ့တဲ့ လမ်းများဟာ ၆၃ လမ်းရှိပါတယ်။ လမ်းမိုင်ပေါင်းအားဖြင့် ၇၈၇ မိုင် နှင့် ၆ ဖာလုံ ကျွန်တော်တို့က အဆိုရှင်တင်ပြတဲ့ လမ်းများကို လွှဲပြောင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များကနေပြီးတော့ ဒါကိုလွှဲပြောင်းဖို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီး တောင်းဆိုတဲ့အခါမှာ ကျွန်တော်တို့ဌာနအနေနဲ့လည်း ဒါကို လက်ခံပြီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီ့အတွက်ကြောင့် ဒီအဆိုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ဟာ လက်ရှိလည်းဆောင်ရွက်နေပြီဖြစ်တာကြောင့် ဒီအဆိုကို မှတ်တမ်းတင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအေးမောက်တင်သွင်းသွားတဲ့ အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကလည်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ ဦးအေးမောက်တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

## စက်မှုဝန်ကြီးဌာနက ဘွိုင်လာဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စက်မှုဝန်ကြီးဌာနက ဘွိုင်လာဥပဒေကြမ်း တင်သွင်းရန် ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာနအား ဥပဒေကြမ်းတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ရှေးဦးစွာမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပြီးတော့ ယနေ့အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ ဘွိုင်လာဥပဒေ(မူကြမ်း)ကို ပြည်သူ့လွှတ်တော်ကို အဆိုပြုတင်သွင်းမှာ ဖြစ်ပါတယ်။ ယခင်ဘွိုင်လာ ဥပဒေကိုတော့ ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၃)အနေနဲ့ ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာ ပြောင်းလဲတိုးတက်လာတဲ့ခေတ်စနစ်နဲ့အညီ ပြုပြင်ပြောင်းလဲရန်လိုအပ်ပါသဖြင့် ပြုပြင် ရေးဆွဲထားတဲ့ ဘွိုင်လာဥပဒေကြမ်းကို ရေးဆွဲတင်ပြရခြင်းဖြစ်ပါတယ်။ ၁၉၈၄ ခုနှစ်၊ ယခင် ဘွိုင်လာ ဥပဒေမှာ အခန်း ၉ ခန်းနှင့် ပုဒ်မ ၄၂ ခု ပါဝင်ခဲ့တာဖြစ်ပါတယ်။ ယခု ဥပဒေကြမ်းမှာတော့ အခန်း ၁၆ ခန်းနှင့် ဥပဒေပုဒ်မ ၇၉ ခုပါရှိပါတယ်။ ဒါကြောင့် အခန်းအားဖြင့် ခုနစ်ခန်းတိုးလာပြီး ပုဒ်မအားဖြင့် ၃၇ ခု တိုးလာပါတယ်။ ထူးခြားချက်အနေနဲ့ကတော့ ဘွိုင်လာဥပဒေကြမ်းမှာ အခန်း(၂)၊ (၃)၊ (၄)၊ (၆)၊ (၇)၊ (၈)နှင့် (၁၃) စတဲ့ ခုနစ်ခန်းတိုးလာတာဖြစ်ပြီးတော့ ရည်ရွယ်ချက်များ၊ ဘွိုင်လာစံချိန်စံညွှန်းများ၊ ဘွိုင်လာမှတ်ပုံတင်ခြင်း၊ ဘွိုင်လာထုတ်လုပ်သူနှင့် တင်သွင်းသူ၊ ဘွိုင်လာပြုပြင်သူ၊ ဘွိုင်လာကိုင် တွယ်သူ၊ တားမြစ်ချက် စတဲ့ အခန်းတွေပဲဖြစ်ပါတယ်။

ဘွိုင်လာဥပဒေကြမ်းနှင့်ပတ်သက်လို့ အဓိကရည်ရွယ်ချက်ကတော့ စက်ရုံအလုပ်ရုံတွေမှာ အသုံးပြုနေတဲ့ ဘွိုင်လာများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ဖို့ဖြစ်ပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်အတူ လောင်စာစွမ်းအင်နှင့် ဘွိုင်လာစွမ်းအင်ကို ထိရောက်စွာအသုံးပြုနိုင်ရန် ဘွိုင်လာထုတ်လုပ်သူ၊ ပြုပြင်သူနှင့် ကိုင်တွယ်သူတို့ တိုးပွားလာပြီးတော့ မြန်မာနိုင်ငံစံချိန်စံညွှန်း၊ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းတွေနှင့်အညီ စနစ်တကျဖြစ်စေရန်နှင့် ဘွိုင်လာနည်းပညာများ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ဘောင်တန်းယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ပြီး ရေးဆွဲတင်ပြခဲ့ခြင်းဖြစ်ပါ

တယ်။ သို့ဖြစ်ပါ၍ ဘွိုင်လာဥပဒေ(မူကြမ်း)အား ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ကို အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဘွိုင်လာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ။** ။၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ) အရ ဘွိုင်လာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာရေးအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား ကော်မတီ၏ တာဝန်ပေးအပ်ချက်အရ ဘွိုင်လာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ဘွိုင်လာဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ စက်မှုဝန်ကြီးဌာနသည် ဘွိုင်လာဥပဒေကြမ်းကို ဘွိုင်လာများ စစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်နှင့် ဘွိုင်လာနည်းပညာရပ်များကို ပိုမိုကျယ်ပြန့်စွာသိရှိနိုင်ရန် ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၇-၃-၂၀၁၅ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်

သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ပြီး ယင်းဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များအား လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်၍ ဖတ်ကြားခြင်းမပြုတော့သည်ကို ဥက္ကဋ္ဌကြီးမှ ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဘွိုင်လာဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စက်မှုဝန်ကြီးဌာနက တင်သွင်းသည့် ဘွိုင်လာဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ဘွိုင်လာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဥပဒေကြမ်းကော်မတီကလည်း ဆွေးနွေးတင်ပြသွားတာရှိပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ နည်းဥပဒေ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၀-၃-၂၀၁၅ ရက် (တနင်္လာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ကျင်းပမည့် နေရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**